# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၀၄) ၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၂ ရက် ၊ ၄-၁၀-၂၀၂၄ ၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်နွားမွေးမြူရေး လုပ်ငန်းရှင်အား မွေးမြူရေးအထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ရောစပ်အစာနအိတ်များ ထောက်ပံ့ပေးအပ်စဉ်။

မြစ်ကြီးနား အောက်တိုဘာ ၃

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ငါးအိုးခေတ်မီစံပြကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေကျပ် ၁၀ သန်းဖြင့် ပေါင်းစည်းလယ်ယာ (Integrated Farm) စနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်သူ ဦးဆင်ဝါးနော်၏ ခြံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် အဆိုပါ ခြံဝင်းအတွင်း ဆင်းကေရီ-၃ အထွက်တိုးမျိုးနှင့် ငွေတိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု၊ စပါးခင်း ပတ်လည်ရေမြောင်းအတွင်း ငါးခူငါးမျိုးများ စိုက်ထည့်မွေးမြူထားရှိမှု၊ မန်ဒါလီဘဲ၊ ဘဲငန်းနှင့် ဒေသကြက်များ မွေးမြူထားရှိမှု၊ အသားတိုးဝက်ကောင်ရေ ၉၀ ကျော် စီးပွားဖြစ်မွေးမြူထားရှိမှုနှင့် ခြံဝင်းအတွင်း လိုက်ချီးသီး ပင်ပေါက်များနှင့် ဂရိတ်ဖရုပျိုးပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေး အထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ရောစပ်အစာနအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါကျေးရွာအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးထပ် လယ်သီးနှံအဖြစ် ဖြန့်ဝေပေးနိုင်ရေး ပဲပုပ်မျိုးစေ့ စိုက်ခင်း စိုက်ပျိုးထားရှိမှုနှင့် တောင်သူ ဦးစိုးညွန့်အောင်၏ ခြံ၌ ဖူးစားပြောင်း နှစ်ကေခွဲ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုတို့ကိုလည်းကောင်း၊ ရွှေညောင်ပင်ရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင် ဦးစိုးငြိမ်းမိသားစု၏ စူပါဝမ်းနို့စားနွားမွေးမြူရေး လုပ်ငန်းနှင့် နို့နှင့် နို့ထွက်ပစ္စည်း အမျိုးမျိုး ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းကိုလည်းကောင်း၊ စီတာပူ(ဆွတ်ပိုင်တောင်) ရပ်ကွက်အတွင်း ပိုင်ရှင် ဦးမရမ်ဇော်ရော် မိသားစု၏ TOP အသင့်စားစားသောက်ကုန် လုပ်ငန်း (အသားခြောက်အမျိုးမျိုး နှင့် ဝိုင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း)ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသထွက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ဥပဒေအသိပညာပြန့်ပွားရေး၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဒေသတွင်း တည်ငြိမ်အေးချမ်းစွာကောက်ယူနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီးဘေးရှိ ပြည်နယ်တရားလွှတ်တော်ရုံးသစ် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်


## နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် လည်းကောင်း ယနေ့ ညမှ စက်တင်ဘာ ၆ ရက် အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကာ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၄) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၄ ရက်၊ သောကြာနေ့။

မန္တလေး

# စကားကို ထိန်းထိန်းသိမ်းသိမ်းပြောဆိုတတ်ရန် လေ့ကျင့်ကြရမည်

လူ့လောကပတ်ဝန်းကျင် လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားကို ချိုသာစွာပြောခြင်းအားဖြင့် လုပ်ငန်းကိစ္စအဝအဝကို ပြီးမြောက်အောင်မြင်စေနိုင်မည်ဖြစ်သည်။ စကားကို ချက်ချက်ချာချာ သွက်သွက်လက်လက်ပြောတတ်ရန်လည်း လိုပါသည်။ စကားပြောဆိုရာတွင် ရန်တွေ့ခြင်းမပြု ရပါ။ စကားကို ထိထိမိမိ ပြောဆိုတတ်ရန် ကြိုးစားရမည် ဖြစ်သည်။ စကားကို ဟိုရောက်ဒီရောက် တောင်စဉ်ရေမရ ပြောခြင်း၊ လူတစ်ဖက်သားကို ကုန်းတိုက်စကားပြောခြင်းသည် အကျိုးမရှိပါ။ စကားထဲတွင် လူသားများအတွက် အကြောက်ရဆုံးမှာ ဘုရားမကြိုက်သည့် ကုန်းတိုက်စကားဖြစ်သည်။

မိမိပြောလိုက်သည့် စကားတစ်ခွန်းမှာ တန်ဖိုးရှိရန်လည်း လိုအပ်မည်ဖြစ်သည်။ တစ်ပါးသူ၏ ချို့ယွင်းချက် ပျော့ကွက်များကို ဖိနင်း၍ မပြောသင့်ပါ။ မိမိစကားကြောင့် သူတစ်ပါးကို နာကျင်ထိခိုက်မသွားသင့်ပါ။ စကားပြောဆိုရာတွင် ရှောင်ကြဉ်ရမည့် အချက်များစွာရှိနေပါသည်။ လူတစ်ယောက်အပေါ် အခြားလူတစ်ယောက်က အထင်သေးသွားအောင်၊ ဒေါသထွက်လာအောင်၊ ရန်လိုအောင်၊ လေးစားမှုလျော့ပါးလာအောင်၊ လက်မခံချင်လာအောင် လှုံ့ဆော်ပြောဆိုခြင်းများဖြစ်သည်။

ထို့ပြင် စကားကို မဆင်မခြင် အားမနာလျှာမကျိုး ပြောတတ်ခြင်း၊ နိမိတ်မရှိ၊ နာမာမရှိ ပြောတတ်ခြင်း၊ စကားရောင်း၊ စကားဝယ်လုပ်ခြင်း၊ နှုတ်သီးကောင်း ရန်တွေ့ခြင်း၊ နိုင့်ထက်စီးနင်းပြောဆိုခြင်းတို့ကို ရှောင်ရမည်ဖြစ်သည်။

စကားကို ပြေပြေပြစ်ပြစ် ချိုချိုသာသာပြောကြရန် "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ၊ ပျားသကာကဲ့သို့၊ ချိုလှစေ"ဟူ၍ အင်းဝခေတ်စာဆိုတော် ရှင်မဟာရဋ္ဌသာရက ဆုံးမလမ်းညွှန်ထားခဲ့သည်။ ပြေပြစ်ခြင်းဆိုသည်မှာ ချောမွေ့ခြင်းဖြစ်သည်။ ယင်းကို စကားပြောရာ၌ ရည်မွန်သည်ဟု ဆိုကြသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် အဆိုပါအချက်ကို အထူးသတိပြုရန် လိုအပ်မည်ဖြစ်သည်။

လူတစ်ဦး၏ စိတ်နေစိတ်ထားကို အပြင်ပန်းရုပ်သွင်ကို ကြည့်ပြီး ကောက်ချက်ချ၍မရပါ။ နေပုံထိုင်ပုံကို ကြည့်ကာ အကဲမခတ်နိုင်ပါ။ ထိုသူ၏ စကားအသွားအလာကို ကြည့်ပြီးမှ သုံးသပ်ရမည်ဖြစ်သည်။ ထို့ကြောင့် စကားသည် လူတစ်ယောက်၏ ပင်ကိုစရိုက်နှင့် အရည်အသွေးကို ကောင်းစွာမီးမောင်းထိုးပြနိုင်ပြီး လူတစ်ဦးဇာတိရုပ်ကို ပီပီပြင်ပြင် ဖော်ပြနိုင်ပါသည်။ စကားကို လက်လွတ်စပယ် ပြောတတ်သူသည် မည်သည့်အရာကိုမျှ လေးလေးနက်နက် မစဉ်းစားတတ်သူဖြစ်သည်။ ထို့ကြောင့် စကားကို ထိန်းသိမ်းပြောဆိုတတ်ရန် လေ့ကျင့်ကြရမည်ဖြစ်သည်။ စကားပြောဆိုရာတွင် ပြောခြင်းဆယ်ရပ်ရှိသည်။ ပြောသင့်မှ ပြောခြင်း၊ မှန်သော စကားပြောခြင်း၊ တရားသဖြင့် ပြောခြင်း၊ အကျိုးရှိအောင် ပြောခြင်း၊ နှစ်လိုဖွယ်စကားပြောခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောခြင်း၊ ပြုံးရွှင်စွာပြောခြင်း၊ မတိုမရှည်ချင့်ချိန်ပြောခြင်း၊ အလျင်စလိုမပြောခြင်း၊ တိကျပြတ်သားစွာပြောခြင်းဟူ၍ ဖြစ်သည်။

သို့ဖြစ်ရာ လူမှုဆက်ဆံရေးနယ်ပယ်၌ အရေးပါလျက်ရှိသော စကားကို မိမိတို့နှုတ်ဖျားတွင် ပြောသင့်သည်လား၊ မပြောသင့်သည်လား ချင့်ချိန်ကာ အရာရာထိန်းထိန်းသိမ်းသိမ်းပြောဆိုတတ်ရန် လေ့ကျင့်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



မန္တလေး အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား၊ ၆၅ လမ်းနှင့် ၆၄ လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။ (အပေါ်ပုံ)

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေး



မန္တလေး အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး လဝကဦးစီးမှူး ဦးစိုးလွင်သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီခွဲတွင် မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ ၁၁၆ လမ်းနှင့် ၁၁၇ လမ်းကြား၊ ၆၂(အေ)လမ်းရှိ မြို့နယ်သန်းခေါင် စာရင်းကော်မတီမှ ဦးဆောင်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ နေအိမ်များ၌ သန်းခေါင်စာရင်းကောက်ယူနေမှုကို လာရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းအောင်မျိုး၊ မြို့နယ်သန်းခေါင်းစာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြပြီး သန်းခေါင်စာရင်းကောက်ယူနေမှုအား လိုက်လံရှင်းလင်းပြောကြားကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးက သန်းခေါင်စာရင်းကောက်ယူလျက်ရှိကြသော တာဝန်ကျစာရင်းကောက်ဆရာမများအား သန်းခေါင်စာရင်းကောက်ယူရာတွင် မထပ်မကျန် အမှန်ဖြစ်စေရေး၊ အိမ်ရှင်များ သန်းခေါင်စာရင်း မေးခွန်း (၆၈) ချက် မေးမြန်းမှုအပေါ် ဖြေကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး လူတန်းစားအလွှာအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၅၃)

## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)မှ အဝတ်အထည်များ လှူဒါန်း



မန္တလေး အောက်တိုဘာ ၃

မန္တလေးမြို့၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗြဟ္မစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပဓာန နာယကအဖြစ် ဦးဆောင်သော ရေဘေးကူညီရေးအဖွဲ့သည် လတ်တလော ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းကူညီပေးနေသည့် လူမှုအဖွဲ့အစည်းနှင့် ပရဟိတအဖွဲ့များသို့ တစ်ထုပ်လျှင် အထည် ၁၂၅ ထည်ပါ အဝတ်အထည်ထုပ်များကို ယမန်နေ့က တစ်ဆင့်ပေးလှူလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့သာရှိ အင်ဒိုစံရွာသို့ အထုပ် (၇၀)၊ မြစ်သားမြို့၊ သမန်းရွာသို့ အထုပ် ၁၅ ထုပ်၊ ကျောက်ဆည်မြို့နယ်သို့ အထုပ် ၅၀၊ စဥ့်ကိုင်မြို့နယ်၊ ကသစ်ရယ်ရွာသို့ အထုပ် ၆၀၊ နေပြည်တော်အတွက် အထုပ် ၈၀၊ ကျောက်ဆည်မြို့နယ်၊ ဘုရားငါးဆူရွာသို့ အထုပ် ၅၀၊ ကျောက်ဆည်မြို့နယ်၊ ဆေးကွမ်းရွာသို့ အထုပ် ၂၀၊ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းရွာသို့ အထုပ် ၇၀ စုစုပေါင်း အထည်ထုပ် ၄၁၅ ထုပ်ကို ဒုတိယအကြိမ် ပေးလှူပြီးဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

(ကဆ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်

ဒိုဟာ အောက်တိုဘာ ၃

ကာတာနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ကျင်းပသည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ အစည်းအဝေးတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ကာတာနိုင်ငံက သတ်မှတ်ထားသည့် ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် **"အားကစား ရေးရာ သံတမန်ဆက်ဆံရေး"** အပေါ် ကြိုဆိုခဲ့ကြကာ ကိုယ်စားလှယ်အဖွဲ့အသီးသီးက သက်ဆိုင်ရာနိုင်ငံအလိုက် မိန့်ခွန်းများပါဝင်ပြောကြားသည်။

တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့နံနက်ပိုင်းတွင် မိန့်ခွန်းတစ်ရပ်ပါဝင်ပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အေစီဒီလက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံ၏ခေါင်းဆောင်မှုကို အသိအမှတ်ပြုပါကြောင်းနှင့် ထို့ပြင် ၂၀၂၅ ခုနှစ် အေစီဒီဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအား အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးအတွင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အေစီဒီပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက အေစီဒီအတွင်းရေးမှူးချုပ်အဖြစ် မကြာသေးမီကခန့်အပ်ခဲ့သည့် ကူဝိတ်နိုင်ငံမှ သံအမတ်ကြီး Nasser Raden Thamer Al-Mutairi နှင့် ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည့် အီရန်နိုင်ငံမှ သံအမတ်ကြီး Mohammed Taghi Hosseini တို့အား ဝမ်းမြောက်ဂုဏ်ယူကြောင်း ထည့်သွင်းပြောကြားသည်။ ထို့ပြင် အစည်းအဝေးရလဒ်အဖြစ် **"ဒိုဟာကြေညာချက်"**ကို အဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် အိမ်ရှင် ကာတာနိုင်ငံအကြီးအကဲ ရှိတ်တမင်း(မ်) ဘင်ဟာမတ်အယ်တာနီက တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များကို ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)ကို ၂၀၀၂ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ ချာအမ်းမြို့၌ စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ လက်ရှိတွင် အေစီဒီ၌ ဒေသတွင်းအုပ်စုကြီး ငါးခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှအုပ်စုနှင့် အရှေ့အာရှအုပ်စုတို့ကို အသီးသီးကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံ ပါဝင်သည်။ မြန်မာနိုင်ငံသည် အေစီဒီ စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန်အမှီသဟဲပြုရေးကို မြှင့်တင်သွားရန်နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန်ရည်ရွယ်လျက် အေစီဒီကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ အေစီဒီအတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား **"ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်"** နှင့် ကိုက်ညီသည့် အဓိကမဏ္ဍိုင်ကြီး (၆) ခု၌ ဦးစားပေး ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားသည်။ အဆိုပါ အဓိကမဏ္ဍိုင်ကြီး ခြောက်ခုမှာ (က) ပေါင်းစည်းဆက်နွှယ်မှု၊ (ခ)သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ (ဂ) ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ (ဃ) စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေး၊ (င) ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ (စ) အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

ကာတာနိုင်ငံ၌ကျင်းပသည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ အေစီဒီအဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့်အဖွဲ့ကို ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ (MoU) မူဘောင်အရ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် MoU သက်တမ်းထပ်မံတိုးမြှင့်ကာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များနှင့် ပြည်ပမှ တင်သွင်းသည့်ပစ္စည်းများကို အကောက်ခွန်လွတ်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းဆောင်ရွက်ပေးမှုအခြေအနေ၊ ဘူးသီးတောင်၊ မောင်တောဒေသမှ ဒေသခန့်ဝန်ထမ်းများ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှုနှင့် လိုအပ်ချက်ရှိပါက ကြိုတင် တင်ပြဆောင်ရွက်နိုင်ရေးအခြေအနေ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိနိုင်ရေးအခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်းသိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးတက်ခိုင်မာစေရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ခရီးသွားလာရေး ကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)ရှိ စက်ရုံများသို့ ကွင်းဆင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုအား ကြည့်ရှုအားပေး

မန္တလေး အောက်တိုဘာ ၃

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)ရှိ ACRY LIC-YARN ဆီလွန်ချည်မျှင်ထုတ်စက်ရုံ၊ ဒုံးပျံဂျုံစက်ရုံ၊ မန္တလေးချည်မျှင်စက်ရုံ(၂)၊ ၉၉၉ နှင့် ပါဝါတံဆိပ်ခေါက်ခဲစက်ရုံများသို့ ကွင်းဆင်းစစ်ဆေးပြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုအား ကြည့်ရှုအားပေးခဲ့သည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်စိန် တက်စတိုင်းကုမ္ပဏီလီမိတက်၏ ACRY LIC- YARN ဆီလွန်ချည်မျှင်ထုတ်စက်ရုံသို့ရောက်ရှိကာ တရုတ်နိုင်ငံမှ ACRY LIC Fiber ကုန်ကြမ်းများကို ဝယ်ယူတင်သွင်းပြီး ကုန်ချော ACRY LIC-YARN ဆီလွန်ချည်မျှင်ထုတ်နေမှုကိုလည်းကောင်း၊ ၎င်းနောက် LLuvia Ltd;၏ ဒုံးပျံဂျုံစက်ရုံသို့လည်းကောင်း၊ ဆက်လက်၍ စွမ်းအားမြင့် ကုမ္ပဏီလီမိတက်၏ ၉၉၉ နှင့် ပါဝါတံဆိပ်ခေါက်ခဲထုတ်လုပ်သည့်စက်ရုံသို့လည်းကောင်း၊ ထန်းဇယ်ကုမ္ပဏီလီမိတက်၏ မန္တလေးချည်မျှင်စက်ရုံ(၂)သို့လည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား စက်ရုံမှတာဝန်ရှိသူများက စက်ရုံဆိုင်ရာအချက်အလက်များနှင့် စက်ရုံလည်ပတ်နေမှုအခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းများလည်ပတ်နေမှုနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှု အဆင့်ဆင့်အား လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စုစည်းညီညာစွာဖြင့် ကောက်ယူလျက်ရှိကြရာ ယနေ့ညနေပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝဏ္ဏကျော်ထင်သီရိပျံချီ ဦးမောင်ကို၏ နေအိမ်တွင် သန်းခေါင်စာရင်းကောက်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်၍ ဆက်စပ်အဖွဲ့အစည်းများနှင့် စာရင်းစစ်၊ စာရင်းကောက်များက သန်းခေါင်စာရင်းတွင်အသုံးပြုသည့် အိမ်ထောင်စုမေးခွန်း ၆၈ ခုကို Tablet များ အသုံးပြု၍ ကောက်ယူရာ စိတ်ပါဝင်စားစွာဖြင့် ပြည့်ပြည့်စုံစုံဖြေကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**















သတင်း-စာမျက်နှာ ၄

















# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ၈၁ လမ်းမကြီးတစ်လျှောက် ၁၂ လမ်းမှ ၂၂ လမ်းအတွင်း လမ်းဘေးဝဲ၊ ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းပေါ်အုပ်မိုးကျ အပင်ကြီးများ၏ သစ်ကိုင်းများ ရှင်းလင်းခြင်းနှင့် ရတနာပုံဥယျာဉ်အတွင်း ပန်းအလှပင်များဖြစ်ထွန်း ရှင်သန်မှု အခြေအနေ စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး





**မန္တလေး အောက်တိုဘာ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါကာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၈၁လမ်းမကြီးတစ်လျှောက် ၁၂ လမ်းမှ ၂၂ လမ်းအတွင်း လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း၊ လမ်းပေါ်သို့ အုပ်မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်းများနှင့် လျှပ်စစ်ကြိုးများနှင့် မလွတ်ကင်းသည့် အန္တရာယ်ရှိ သစ်ပင်၊ သစ်ကိုင်းများအား အမြင့်တင်ကရိန်းကား၊ သစ်ပင်ဖြတ်စက်များ အသုံးပြု၍ အလင်းဖွင့် ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က မြို့တွင်းလမ်းများရှိ သက်တမ်းရင့် အပင်ကြီးများမှာ မိုးသက်လေပြင်းတိုက်ခတ်မှုများကြောင့် လဲပြိုမှုများ မကြာခဏဖြစ်ပေါ်ခြင်း၊ သစ်ကိုင်းများ ကျိုးကျခြင်းများကြောင့် အန္တရာယ်ရှိ အပင်ကြီးများ၏ သစ်ကိုင်းများ ရှင်းလင်းခြင်း၊ အလင်းဖွင့်ခြင်း လုပ်ငန်းများကို မြို့နယ်အလိုက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ရေနုတ်မြောင်းများကိုလည်း ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဌာနမှ မြောင်းဆယ်လုပ်သားကြီးများနှင့် စက်ယန္တရားအသုံးပြု၍ မြောင်းဆယ်ယူခြင်း လုပ်ငန်းအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်းကို ရပ်ကွက်နေပြည်သူများအား ရှင်းလင်းပြောကြားခဲ့ပြီးနောက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ၈၁ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများကို မြောင်းဆယ်ယူရှင်းလင်းပေးရေး ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် နန်းမြို့ရိုးနှင့် ကျုံးရေပြင်အကြား ရတနာပုံဥယျာဉ်သို့ ရောက်ရှိကြပြီး ဥယျာဉ်အတွင်း ပန်းအလှပင်များ ဖြစ်ထွန်း ရှင်သန်မှု အခြေအနေနှင့် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ဥယျာဉ်တစ်လျှောက် စိုက်ပျိုးထားသည့် သပြေဘူတအပင်များအား (၁၀)ပေ အထက်မြင့်တက်နေသည့် အကိုင်းများအား တစ်ညီတည်းဖြစ်အောင် ကိုင်းတိပေးရန် တိမ်းစောင်းနေသည့် အပင်များကို ဝါးလုံးသုံးချောင်းထောက်ဖြင့် တည့်မတ်ပေးရန်၊ အရိပ်ရအပင်ကြီးများကို မြို့ရိုးမြင်ကွင်းအား မကွယ်စေရန် သစ်ကိုင်းများအား ရှင်းလင်းပေးရန်၊ ဥယျာဉ်လျှောက်လမ်းတစ်လျှောက်ရှိ ပန်းအလှပင်များအားလုံးဝန်းပြီး ညီညာလှပနေစေရန် ပုံသွင်းပြုပြင်ပေးရန်တို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနခွဲမှူးနှင့် တာဝန်ခံတို့အား မှာကြားခဲ့ပြီးနောက် အပင်များအား လုံးဝန်းပြီး ညီညာနေအောင် ပုံသွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်သည် နန်းမြို့ရိုး အရှေ့ပေါက် ၁၉ လမ်း ဦးထိပ်တံတားအနီးတွင် ကျုံးနဘေး ကျောက်ရိုးစီမြေထိန်းနံရံ အရှည်ပေ(၁၁၀)၊ အနံ(၅)ပေ လျှောကျနေခြင်းအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအား စနစ်တကျနှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန် အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တာဝန်ခံအင်ဂျင်နီယာအား မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

သတင်း–စာမျက်နှာ ၄





# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၃ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၄ ဒသမ ၁၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ သုည ဒသမ ၈၂ ပေ တိုးလာခြင်းဖြစ်သည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ နေပြည်တော်

ရက်စွဲ - ၃.၁၀.၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၄၂၃၁၂ | ၆၂၇.၄၉ | ၅၆၆၉၅၄ | ၁၅၇၆၈ (လျှပ်စစ်) ထုတ်ရေ) | - | - | ၄.၁၀ | ၂၃၀၀၂ | ၀.၄၄ | ၆၂၆.၆၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | ၀.၂၀ | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၇၄ | ၅၁၈.၉၀ | ၈၈၇၆၇ | ၁၉၈ | ၁.၁၀ | ၃၀၀၃ | - | - | ၀.၂၁ | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၀၅ | ၁၀၇၅၀ | ၇ | ၁.၉၅ | ၁၅၀၇ | - | - | ၀.၀၂ | ၅၁၀.၁၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၉၆ | ၄၃၈.၀၀ | ၇၀၀၀၀ | ၂၅ | ၁.၀၀ | ၃၀၀၀ | - | - | ၀.၆၄ | ၄၃၇.၉၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၃ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၅.၀၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၃ | ၇၈၈၈ | - | ၁.၄၇ | ၈၃၀ | - | - | - | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၆၇၇ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | ၀.၂၄ | ၇၀၂.၈၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | ရေတိုက်စား | | | | | ၀.၄၇ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၃၇ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၃၀ | ၁၀၅၈၉ | - | ၅.၇၀ | ၄၀၁၁ | - | - | ၀.၂၈ | ၈၆၄.၅၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |



## ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)၏ အမှုဆောင်များ ရွေးချယ်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)၏ အမှုဆောင်များရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက်ပိုင်းက အသင်းရုံးခန်းမတွင် ပြုလုပ်ရာ ရွေးချယ်ရေးကော်မရှင်၊ ခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် တာဝန်ရှိသူများ၊ ရွေးချယ်ခံကိုယ်စားလှယ်များနှင့် အသင်းသားများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့၊ သဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး ရွေးချယ်တင်မြှောက်ရေးအထောက်အကူပြုအဖွဲ့ တာဝန်ရှိသူက ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွေးချယ်ခံမည့် ကိုယ်စားလှယ် ၁၃ ဦးအနက် ကော်မတီဝင် ၇ ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးသန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဆွေ၊ အတွင်းရေးမှူး ဦးလွင်မိုး၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးသိန်း၊ ကော်မတီဝင်(၁) ဦးဇော်လင်း၊ ကော်မတီဝင်(၂) ဦးသိန်းနိုင်၊ ကော်မတီဝင်(၃) ဦးဖေယျာမင်းတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ ဦးသန်းနိုင်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာ၍ အသင်းသားများနှင့် အသင်းတိုးတက်စေရန် ကြိုးစားဆောင်ရွက်သွားမည်ဟု မိတ်ဆက်ပြောကြားခဲ့ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀
၀-၀-၀


## နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

နေပြည်တော် အောက်တိုဘာ ၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့(150 YEARS of the UPU) အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို အောက်တိုဘာ ၉ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ အောက်တိုဘာ ၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်




လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။




## အီရန်နျူကလီးယားစက်ရုံနှင့် ရေနံတွင်းများကို အစ္စရေးပစ်ခတ်မည့်အစီအစဉ် ဘိုင်ဒင်ကန့်ကွက်

**ဝါရှင်တန် အောက်တိုဘာ ၃**

အစ္စရေးဘက်က ဒုံးလက်နက်များဖြင့် လက်ဘနွန်နိုင်ငံထဲသို့ ပစ်ခတ်တိုက်ခိုက်ရာမှ ဟစ်ဇဘိုလာပြောက်ကျား အဖွဲ့ခေါင်းဆောင် ဟတ်ဆန်နာဆရာလာ စက်တင်ဘာလနှောင်းပိုင်းက ကျဆုံးခဲ့ရသဖြင့် ၄င်း၏မဟာမိတ်ဖြစ်သော အီရန်က အစ္စရေးကို လက်တုံ့ပြန်ကာ ဒုံးလက်နက် အစင်းရေရာနှင့်ချီ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။



အစ္စရေးနိုင်ငံက ရန်သူဘက်မှ ပစ်ခတ်လိုက်သော တာနီး၊ တာလတ်၊ တာဝေးဒုံးလက်နက်များ ကျရောက်ထိမှန်ပေါက်ကွဲခြင်းမရှိအောင် ကြိုတင်ကာကွယ်နိုင်သော ကာကွယ်ရေးစနစ်တပ်ဆင်ထားပြီးဖြစ်သဖြင့် အီရန်ဒုံးလက်နက်များကို ရှင်းပစ်နိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ အီရန်ကို အစ္စရေးက လက်တုံ့ပြန်မည်ဖြစ်ရာ စစ်ဆင်တိုက်ခိုက်ရာတွင် နျူကလီးယားဓာတ်အားပေးစက်ရုံများနှင့်ရေနံတွင်းများ ရေနံချက်စက်ရုံများကို ပစ်ခတ်ရန် စီစဉ်ခဲ့သည်။

အောက်တိုဘာ ၁ ရက် ညပိုင်းတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက အရေးပေါ် အစည်းအဝေးခေါ်ယူကာ အီရန်ကို လက်တုံ့ပြန်မည့် အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

ယင်းအစီအစဉ်အကြောင်းကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က သိရှိခဲ့ရာမှ နှစ်ဖက်ရန်မီးပွားမှု အခြေအနေပိုဆိုးလာနိုင်သဖြင့် အောက်တိုဘာ ၂ ရက်က ကန့်ကွက်ခဲ့ကြောင်း သိရသည်။

**Mon**

## အမေရိကန်၌ လျှပ်စစ်ကားများ ထုတ်လုပ်မည့်ကိစ္စ တိုယိုတာကုမ္ပဏီဘက်မှ ပြန်လည်ချိန်ဆလျက်ရှိ



**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်ပြည်ထောင်စု၌ လျှပ်စစ်ကားများ ထုတ်လုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ဂျပန်အခြေစိုက်တိုယိုတာကုမ္ပဏီဘက်မှ ပြန်လည်ချိန်ဆလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့နိုင်ငံကြီးအချို့၌ ၂၀၃၀ ပြည့်နှစ်တွင် ရုပ်ကြွင်းလောင်စာသုံးသော မော်တော်ကားထုတ်လုပ်ခြင်းကို ရပ်တန့်ပြီး လျှပ်စစ်ကားများကို အစားထိုးအသုံးပြုရန် မျှော်မှန်းထားကြသည်။

သို့ဖြစ်ရာယခုနောက်ပိုင်းတွင် ကမ္ဘာ့ဈေးကွက်၌ လျှပ်စစ်ကားဝယ်လိုအားမြင့်တက်လာလိမ့်မည်ဟု ယူဆကာ တိုယိုတာကုမ္ပဏီအနေဖြင့် အမေရိကန်ပြည်ထောင်စု၌ စက်ရုံတည်ထောင်ပြီး လျှပ်စစ်ကားများ ထုတ်လုပ်ရန် စီစဉ်ခဲ့သည်။

၂၀၂၅ ခုနှစ်နှောင်းပိုင်းသို့မဟုတ် ၂၀၂၆ ခုနှစ်စောစောပိုင်းတွင် ယင်းလျှပ်စစ်ကားများ ထုတ်လုပ်ရန် မူလကစီစဉ်ခဲ့သော်လည်း လက်ရှိကမ္ဘာ့ဈေးကွက်၌ လျှပ်စစ်ကားများ ဝယ်လိုအား ကျဆင်းနေသဖြင့် တိုယိုတာကုမ္ပဏီဘက်မှ ပြန်လည်ချိန်ဆနေရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

အာဂျင်တီးနားနိုင်ငံ ပွာတိုဆန်ဂျူလီယန်ဒေသမှ ဒေသခံများ နေအပြည့်ကြတ်သောဖြစ်ရပ်ကို အောက်တိုဘာ ၂ ရက်က စောင့်ကြည့်နေကြစဉ်။ **Mon**





## စင်ကာပူပို့ဆောင်ရေးဝန်ကြီးဟောင်း အစ္စဝါရန် အဂတိမှုဖြင့် ထောင်ဒဏ် ၁၂ လ ကျခံရမည်

**စင်ကာပူ အောက်တိုဘာ ၃**

အသက် ၆၂ နှစ်အရွယ် စင်ကာပူပို့ဆောင်ရေးဝန်ကြီးဟောင်း ဆူဘရာမာနီယမ်အစ္စဝါရန်ကို စင်ကာပူတရားလွှတ်တော်က အောက်တိုဘာလဆန်းတွင် အဂတိမှုဖြင့် ပြစ်ဒဏ်ချမှတ်လိုက်ပြီဖြစ်ရာ ၄င်းအနေဖြင့် ထောင်ဒဏ် ၁၂ လ ကျခံရမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးတာဝန်ထမ်းဆောင်စဉ်က ဖော်မြူလာဝမ်းပြိုင်ကားမောင်းပြိုင်ပွဲ စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပရေးအတွက် အမေရိကန်ဒေါ်လာ ၃၁၁၈၂၂ နှင့် ညီမျှသော စင်ကာပူဒေါ်လာ ၄၀၃၀၀၀ ကျော်ကိုသာမက အခြားလက်ဆောင်ပစ္စည်းများကိုလည်း လက်ခံရယူခဲ့ကြောင်း ပြစ်မှုထင်ရှားရှိသဖြင့် စင်ကာပူတရားလွှတ်တော်က ၄င်းကို ထောင်ဒဏ်အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

စီရင်ချက်မချမှတ်မီ ဝန်ကြီးချုပ်ထံပေးသောစာထဲတွင် မိမိ၌ အပြစ်မရှိဘဲ စွဲဆိုခံထားရခြင်းဖြစ်ကြောင်း အစ္စဝါရန်က ရေးသားခဲ့သည်။

စွဲဆိုခံရသောအမှုမှ တရားသေ လွှတ်လိမ့်မည်ဟု မျှော်လင့်ခဲ့သည့် စင်ကာပူပို့ဆောင်ရေးဝန်ကြီးဟောင်း အစ္စဝါရန်သည် အောက်တိုဘာ ၇ ရက်မှစတင်၍ ထောင်ဒဏ် ကျခံရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ဂျာမနီမြောက်ပိုင်း ဟမ်းဘတ်ဘူတာ၌ မီးရထားရပ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံထားရသူကို ဆေးရုံသို့ ပို့ပေးခဲ့ရ

**ဘာလင် အောက်တိုဘာ ၃**

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟမ်းဘတ်ဘူတာ၌ အောက်တိုဘာ ၂ ရက်က ခရီးသည်တင် အမြန်ရထား အရေးပေါ်ရပ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံထားရသူကို ဆေးရုံသို့ ပို့ပေးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဖရန့်ဖွတ်မြို့မှ ထွက်ခွာလာသော အမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် အမျိုးသား၊ အမျိုးသမီးစုံတွဲနှစ်ဦးအနက်မှ ဖျားနာနေသောအမျိုးသမီး၏ အခြေအနေဆိုးလာသဖြင့် ဟမ်းဘတ်ဘူတာ၌ ရထားကိုရပ်ကာ ၄င်းတို့နှစ်ဦးစလုံးကို ရဲအစောင့်အရှောက်ဖြင့် ဆေးရုံသို့ ပို့ပေးခဲ့ရသည်။

ခရီးသွားလာသူများကို ဗိုင်းရပ်စ်မကူးစက်စေရန် ထိုဘူတာသို့ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လမ်းကြိုတင်ရှင်းပြီးမှ ထိုနှစ်ဦးကို ဆေးရုံသို့ ပို့ပေးခဲ့ခြင်းဖြစ်သည်။

၄င်းတို့နှစ်ဦးသည် မားဘတ်ဗိုင်းရပ်စ်ကူးစက်နေသော ရဝမ်ဒါနိုင်ငံမှ ထိုနေ့နံနက်ပိုင်းတွင် ပြန်ရောက်လာခဲ့ကြောင်း သိရသည်။ **Mon**



## ဗီယက်နမ်နိုင်ငံအတွင်းရှိ တိရစ္ဆာန်ဥယျာဉ်များ၌ ကြက်ငှက်တုပ်ကွေးကြောင့် ကျား ၄၇ ကောင် သေဆုံး

**ဟနွိုင်း အောက်တိုဘာ ၃**

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံအတွင်းရှိ တိရစ္ဆာန်ဥယျာဉ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကျား ၄၇ ကောင် သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။။

ဗီယက်နမ်နိုင်ငံတောင်ပိုင်း လောင်အန်းပုဂ္ဂလိက တောရိုင်းတိရစ္ဆာန်ဥယျာဉ်နှင့် ဟိုချီမင်းမြို့အနီးရှိ တိရစ္ဆာန်ဥယျာဉ်တို့မှ ဖျားနာပြီးသေဆုံးသွားသော တိရစ္ဆာန်များကို စစ်ဆေးကြည့်ရာမှ ထိုကျားများ တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့သော တောရိုင်းတိရစ္ဆာန်များမှာ ကျားများ သာမကဘဲ ခြင်္သေ့ ၃ ကောင်နှင့် ကျားသစ်နက်တစ်ကောင်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။ **Mon**



## ဂျပန်နိုင်ငံအနောက်တောင်ပိုင်း မိယဇာကီလေဆိပ်၌ ခရီးစဉ်များရပ်ဆိုင်းကာ ဗုံးရှင်းလင်းရေးလုပ်ဆောင်

**တိုကျို အောက်တိုဘာ ၃**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ မိယဇာကီလေဆိပ်၌ အောက်တိုဘာ ၂ ရက်က လေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းကာ ဗုံးရှင်းလင်းရေးလုပ်ဆောင်ခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါလေဆိပ်၏ အငှားကားလမ်းကြောအောက်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး ဂျပန်ဗုံးရှင်းလင်းရေးတပ်ဖွဲ့ဝင်များ ဖောက်ခွဲရှင်းလင်းခဲ့သော ထိုဗုံးသည် ဒုတိယကမ္ဘာစစ်အတွင်းက ပေါင် ၅၀၀ ဗုံး ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်က ဗုံးအလုံးရေ ၂၃၄၈ လုံးကို ရှင်းလင်းခဲ့ပြီးသည့်တိုင် ဒုတိယကမ္ဘာစစ်ကျန်ဗုံးများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၃

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ



ပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့် စကားများပြောဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝန်ထမ်းများက သန်းခေါင်စာရင်းလာကောက်စဉ် လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့် စကားများပြောကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




## ရေးသားဖြန့်ဝေနေ

ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်အစိုးရကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လူဦးရေစာရင်းနှင့် ဆက်စပ်သည့်အကြောင်းအရာအချက်အလက်များကို တိကျမှန်ကန်စွာ ကောက်ယူပြုစုရခြင်းဖြစ်ကြောင်း၊ ရရှိလာမည့် စာရင်းများကို အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်လိုအပ်သည့် လုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ စီမံကိန်းများအောင်မြင်စေရန် အထောက်အပံ့ဖြစ်စေမည့် အခြေခံကျသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ တိကျမှန်ကန်သော စာရင်းများရရှိပါက ပြည်သူတစ်ဦးချင်းစီနှင့် ပြည်သူအားလုံး၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်မှု၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားများကို လိုအပ်သလို ဖြည့်ဆည်းပေးရန် အထောက်အကူများရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများနှင့် မြေပေါ်မြေအောက် အဖွဲ့အစည်းများသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလား၍ နိုင်ငံတော်အစိုးရအပေါ် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်လျက်ရှိပြီး ယခုသတင်းနှင့်ပတ်သက်၍လည်း ပြည်သူလူထုအကြား ဘာသာရေးမှိုင်းတိုက် လှုံ့ဆော်နေသည့် သတင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thant Zaw Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နေ သန့်ဇော်ဦးအား မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်တန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# Supporters' Shield ချန်ပီယံဆုအား အင်တာမိုင်ယာမီအသင်း ဆွတ်ခူး




၂၀၂၄ ဘောလုံးရာသီ မေဂျာလိဂ်ပြိုင်ပွဲအတွက် Supporters' Shield ချန်ပီယံဆုကို မက်ဆီ ပါဝင်ကစားနေသည့် အင်တာမိုင်ယာမီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အင်တာမိုင်ယာမီအသင်းသည် မေဂျာလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲစုံ ၃၂ ပွဲကစားပြီး ရမှတ် ၆၈ မှတ် ရရှိကာ ပြိုင်ပွဲပြီးဆုံးရန် လက်ကျန် နှစ်ပွဲအလိုမှာပင် Supporters' Shield ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အင်တာမိုင်ယာမီအသင်းသည် ကလပ်အသင်းသမိုင်းတစ်လျှောက်တွင် Supporters' Shield ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်းလည်း ဖြစ်သည်။

အင်တာမိုင်ယာမီအသင်း ထုတ်ပြန်ချက်တွင် အသင်းအနေနဲ့ အခုလို Supporters' Shield ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းကို အခုလို ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ အသင်းနည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်ဟု ထုတ်ပြန်သည်။

(NGB)

# အောင်လံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကောက်ယူ

**အောင်လံ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းမှ စတင်၍ ရပ်ကွက်/ကျေးရွာအုပ်စုမှ စာရင်းကောက်ကွက် အသီးသီးတွင် ကောက်ယူခဲ့ကြသည်။ အောင်လံမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၀၃ စုတို့တွင် ကောက်ကွက်ပေါင်း (၃၀၂) ကွက်နှင့် စာရင်းကောက်အဖွဲ့ ၂၄ ဖွဲ့ စုစုပေါင်းစာရင်းစစ်/စာရင်းကောက်(၁၂၀)ဦးတို့က ရပ်ကွက်ကျေးရွာအတွင်းရှိ နေအိမ်များသို့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ အချက်အလက်များကိုMobile Tablet များဖြင့် အိမ်ထောင်စုမေးခွန်းများ၊ အဖွဲ့အစည်းမေးခွန်းပုံစံများ မေးမြန်းခြင်းတို့ကို တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။ ထိုသို့ စာရင်းစစ်/စာရင်းကောက်အဖွဲ့ စာရင်းကောက်ယူနေမှုလုပ်ငန်းများ အဆင်ပြေစေရန် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း**

# တိရစ္ဆာန်မျိုးစိတ်များရှင်သန်စေရေး ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေး

နေကို လှည့်ပတ်နေသည့် ဂြိုဟ်တစ်ခု ဖြစ်သော ကမ္ဘာဂြိုဟ်(သို့မဟုတ်)လူသားတို့ နေထိုင်ရာ ကမ္ဘာမြေတွင် သက်ရှိသက်မဲ့ စုံလင်စွာ ရှင်သန်နေထိုင်လျက်ရှိကြသည်။ သက်ရှိများတွင် အသိဉာဏ်ပညာနှင့် ပြည့်စုံသော လူသားများနှင့်အတူ တိရစ္ဆာန်များသည်လည်း အတူယှဉ်တွဲတည်ရှိနေသည်ဖြစ်ရာ တိရစ္ဆာန်များသည် လူသားတို့အတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါ၏။

သို့ဖြစ်ရာ အောက်တိုဘာ ၄ ရက်သည် "ကမ္ဘာ့တိရစ္ဆာန်များနေ့ (World Animal Day)" အဖြစ် တစ်ကမ္ဘာလုံးမှ တိရစ္ဆာန်ချစ်သူများက အင်အားစုစည်းကာ ပညာပေးခြင်းတို့ လုပ်ဆောင်ကြသည်ဟု ဆိုပါသည်။ တိရစ္ဆာန်များအပေါ် ရက်စက်ကြမ်းကြုတ်မှု၊ လျစ်လျူရှုမှုနှင့်တရား-မမျှတသော ဆက်ဆံမှုများ လျော့နည်းပပျောက်စေရန် လှုံ့ဆော်တိုက်တွန်းကြလေသည်။

၂၀၂၃ ခုနှစ်၊ ဆောင်ပုဒ်မှာ "ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ တိရစ္ဆာန်အားလုံးကို ချစ်ပါ(Great or Small, Love Them All)" တိရစ္ဆာန်များအားလုံး၏ အရေးပါမှု ပေါ်လွင်စေရန်နှင့် သတိမမူမိသော တိရစ္ဆာန်များကို အခွင့်အရေးပေးစွမ်းနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။ လူနှင့် တိရစ္ဆာန်တို့၏ ဂေဟစနစ်တွင် စာနာမှု၊ ကြင်နာမှုများဖြင့် ငြိမ်းချမ်းသာယာလှပလာပေလိမ့်မည်။

အောက်တိုဘာ ၄ ရက်သည် ကမ္ဘာ့တိရစ္ဆာန်များနေ့အဖြစ် တိရစ္ဆာန်များအားလုံးနှင့် သက်ဆိုင်ပြီး ကြီးငယ်မရွေး တိရစ္ဆာန်မျိုးစိတ်များအားလုံး ကောင်းကျိုးချမ်းသာရရှိစေရေးနှင့် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးတို့အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး အသိပညာပေးခြင်းတို့ကို နိုင်ငံအလိုက်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း လုပ်ဆောင်ကြလေသည်။

ထို့အပြင် ကမ္ဘာတစ်ဝန်းလုံးမှ တိရစ္ဆာန်များအကြောင်းအရာနှင့် ပြဿနာများကို သိရှိ




သတိပြုမိပြီး ဖြေရှင်းရန်နည်းလမ်းများ ရှာဖွေကာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သတိပေးလှုံ့ဆော်ခြင်းများပညာပေးခြင်းများ ပြုလုပ်ကြသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်များသည် ကျန်းမာပျော်ရွှင်မှုနှင့် ကောင်းကျိုးချမ်းသာ ပိုမိုရရှိစေကာ လူသားတို့နှင့်အတူ သာယာလှပသည့် ကမ္ဘာကြီးကို ဖန်တီးနိုင်ပါလိမ့်မည်။

**ဖြစ်ပေါ်လာပုံ**

ကမ္ဘာ့တိရစ္ဆာန်များနေ့ကို ဂေဟဗေဒ ပညာရှင် Heinrich Zimmermann က အစပြုခဲ့ခြင်းဖြစ်သည်။ ၁၉၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့ရှိ အားကစားနန်းတော်တွင် ပထမဆုံး ကမ္ဘာ့တိရစ္ဆာန်များနေ့ကို ကျင်းပသည်။ ထိုနေ့ပထမအကြိမ်တွင် လူဦးရေ ၅၀၀၀ ကျော် တက်ရောက်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် အောက်တိုဘာ ၄ ရက်သို့ ရက်ရွှေ့ခဲ့ပြန်သည်။ ထို့နောက် ၁၉၃၁ ခုနှစ်၌ အီတလီနိုင်ငံ ဖလော့ရင့်မြို့တွင် ကျင်းပသော နိုင်ငံတကာ တိရစ္ဆာန်ကာကွယ်ရေးညီလာခံတွင် ကမ္ဘာ့တိရစ္ဆာန်များနေ့ကျင်းပရန် တင်ပြတောင်းဆိုခဲ့ရာမှ အောက်တိုဘာ၄ရက်ကို "ကမ္ဘာ့တိရစ္ဆာန်များနေ့"အဖြစ် တညီတညွတ်တည်း အတည်ပြုခဲ့သည်။

ကမ္ဘာ့တိရစ္ဆာန်များနေ့ဖြစ်ပေါ်လာပုံမှာ Heinrich Zimmermann(German-Jewish author)သည် ၁၉၃၁ ခုနှစ်တွင် အီတလီနိုင်ငံ ဖလော့ရင့်(Florence City)မြို့တော်တွင် ကျင်းပသော ဂေဟဗေဒပညာရှင်များ၏ ညီလာခံတွင် တိရစ္ဆာန်များ၏ အခွင့်အရေးနှင့် ကမ္ဘာ့တိရစ္ဆာန်များနေ့ကျင်းပနိုင်ရေးကို တင်ပြတောင်းဆိုခဲ့ရာ အောက်တိုဘာ ၄ ရက်ကို "ကမ္ဘာ့တိရစ္ဆာန်များနေ့"အဖြစ် တစ်ကမ္ဘာလုံး၌ စတင်ကျင်းပခဲ့ကြသည်။

သက်ရှိတိရစ္ဆာန်မျိုးစိတ် ၁ ဒသမ ၅ သန်းကျော် ဖော်ထုတ်ခဲ့ပြီး ၁ ဒသမ ဝ၅ သန်းခန့်မှာ အင်းဆက်များဖြစ်၍ ၈၅၀၀၀ ကျော်မှာ ခရုများနှင့် ၆၅၀၀၀ ဝန်းကျင်မှာ ကျောရိုးရှိသတ္တဝါများဖြစ်သည်။ ကမ္ဘာပေါ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၇ ဒသမ ၇၇ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး နှစ်စဉ်နှစ်တိုင်း တိရစ္ဆာန်မျိုးစိတ်များမှာ ၁ မျိုးမှ ၅ မျိုးထိ မျိုးသုဉ်းလျက်ရှိသည်ဟု ဆိုပါသည်။

**တိရစ္ဆာန်များကို ကြင်နာပါ**

ကမ္ဘာ့တိရစ္ဆာန်များနေ့ကဲ့သို့ အသိပညာပေးမှုများက တိရစ္ဆာန်များ ကြုံတွေ့ရင်ဆိုင်နေရသော အခက်အခဲများ၊ မျိုးသုဉ်းပျောက်ကွယ်မှုများနှင့် ဂေဟစနစ်များတွင် လျော့ပါးပျောက်ကွယ်သွားမှုများကို ကာကွယ်နိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ တိရစ္ဆာန်များ၏ အနာဂတ်ကို ခြောက်လှန့်နေသော အကြောင်းအရာများစွာရှိနေပြီး သစ်တောများပြုန်းတီးမှု၊ လူနေထိုင်မှု ဇရိယာချဲ့ထွင်မှုတို့မှ သဘာဝပတ်ဝန်းကျင်များဆုံးရှုံးသွားကာ ၎င်းတို့ နေထိုင်ရှင်သန်မှုကို ကြီးစွာခြိမ်းခြောက်လျက်ရှိနေသည်။ နေထိုင်ကျက်စားရာပတ်ဝန်းကျင်ပျက်စီးခြင်းဖြင့် ရှားပါးမျိုးစိတ်များ အလျင်အမြန် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သကဲ့သို့ သဘာဝအလျောက် မျိုးဆက်ပွားရှင်သန်လာမည့် အခွင့်အရေးများ ဆုံးရှုံးသွားတော့မည်ဖြစ်သည်။

လူသားတို့အပေါ်အားကိုးအားထားပြုနေရသော တိရစ္ဆာန်များသည် မျိုးသုဉ်းမှုအန္တရာယ်နှင့် ကြုံတွေ့နေရခြင်း၊ ကျင်လည်ကျက်စားရာဒေသများ ပျောက်ကွယ်သွားခြင်းတို့ကို ကမ္ဘာ့တိရစ္ဆာန်များနေ့က သတိထားသိရှိစေပါသည်။တိရစ္ဆာန်များ၏ လူသားတို့အပေါ် အရေးပါမှုများကိုလည်း သိရှိကာ ကြင်နာမှုများဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ရာ တိရစ္ဆာန်များအား တရားမဝင်ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်၊ ၎င်းတို့၏ မျက်ရည်နှင့်တူသော တိရစ္ဆာန်ထွက်ပစ္စည်းများရောင်းချခြင်း၊ နှစ်သက်ခုံမင်ဝတ်ဆင်ခြင်း၊ ဝယ်ယူခြင်းတို့မပြုကြဘဲ ကာကွယ်စောင့်ရှောက်ပေးကြရန် လိုအပ်ပါတော့သည်။

**ခိုင်ဆက်ဝေ**



## Box Culvert ပါသော ရေကျော် (၂၆၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှု

**သရက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သရက်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၆၀ သန်းဖြင့် ဆောင်ရွက်သည့် ပြရေ-ပုထိုးလမ်းပေါ်တွင် Box Culvert ပါသော ရေကျော် (၂၆၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုခြင်းကို ယမန်နေ့ မွန်းလွဲ ၁နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) မြို့ပြဒေါ်မေမီမီမင်းမြတ်နှင့်ရုံးချုပ်(QC)အဖွဲ့တို့မှ လုပ်ငန်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးနိုင်ရေး ပြောကြားကာ လိုအပ်သည်များ မှာကြားပေးခဲ့သည်။

အဆိုပါ ရေကျော်သည် လုပ်ငန်းအားလုံး၏ (၈၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက သရက်မြို့နယ်နှင့် ကံမမြို့နယ်တို့အား အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပြီး ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၇၃၄ အိမ်၊ လူဦးရေ ၃၀၅၉ ဦး တို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဇော်ထက်(သရက်)

## ဆီထွက်သီးနှံ ၇၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရေနံချောင်း စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၇၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

ယခုနှစ်မိုးသီးနှံများတွင် စပါး၊ ဖူးစားပြောင်း၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ နေကြာ၊ ဝါ၊ ပဲတီစိမ်း၊ ပဲလွန်း၊ ပဲနောက်၊ ပရဆေး၊ ဟင်းသီးဟင်းရွက်၊ ကွဲနွားစာ၊ သီးပင်၊ စားပင်၊ ထန်းပင်၊ ငှက်ပျော၊ အခြားအပင်နှင့်အထွေထွေစားသုံးအပင်များကို စိုက်ပျိုးခဲ့သည်။

မိုးသီးနှံများ၌ ဆီထွက်သီးနှံ နှမ်း ၂၁၈၈၃ လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ လျာထားစိုက်ပျိုးခဲ့ရာတွင် ယမန်နေ့အထိ နှမ်း ၂၃၃၅၀ စိုက်ပျိုးခဲ့ပြီး လျာထားချက်ထက် စိုက်ပျိုးနိုင်ခဲ့သည့်အပြင် မြေပဲ ၄၉၄၇၀ဧက၊ နေကြာ ၅၉၂ ဧက၊ စုစုပေါင်း ၇၃၄၁၂ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၇၂)



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Carlos Alcaraz ဆွတ်ခူး



**ပေကျင်း အောက်တိုဘာ ၃**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်တင်းနစ်ကစားသမား Carlos Alcaraz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2024 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner အား ၆-၇၊ ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ Carlos Alcaraz က ကျွန်တော် အခုလို 2024 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)



## နှစ်ပေါင်း ၄၁ နှစ်အတွင်း ပထမဆုံး ဥရောပအိမ်ကွင်းနိုင်ပွဲရရှိခဲ့သည့် အက်စတွန်ဗီလာ

**လန်ဒန် အောက်တိုဘာ ၃**

အက်စတွန်ဗီလာအသင်းသည် နှစ်ပေါင်း ၄၁နှစ်အတွင်း ပထမဆုံး ဥရောပအိမ်ကွင်းနိုင်ပွဲရရှိခဲ့သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်) ပွဲစဉ်(၂)အဖြစ် ယနေ့ နံနက်ပိုင်းက အက်စတွန်ဗီလာအသင်းက ဘိုင်ယန်မြူးနစ်အသင်းအား အိမ်ကွင်းတွင် တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်း နည်းပြ အူနိုင်းအမ်မရီက အခုလို အသင်းအနေနဲ့ မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်လာမည့် ပွဲစဉ်တွေမှာလည်း နိုင်ပွဲတွေ ဆက်လက်ရရှိဖို့ ကြိုးစားသွားမှာပါ။ ကျွန်တော်အနေနဲ့လည်း အက်စတွန်ဗီလာအသင်းနှင့်အတူ အောင်မြင်မှုတွေ ရယူသွားချင်ပါတယ်ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ဆက်ဇ်နီအား ဘာစီလိုနာအသင်း ခေါ်ယူ

**ဘာစီလိုနာ အောက်တိုဘာ ၃**

ဘာစီလိုနာအသင်းသည် ဝါရင့်ဂိုးသမား ဆက်ဇ်နီအား ပြောင်းရွှေ့ကြေး အလွတ်ဖြင့် တစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် အာဆင်နယ်၊ ရိုးမား၊ ဂျူဗင်တပ်၊ ဘာစီလိုနာ၊ ဘရန့်ဖို့ဒ် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဂိုးသမားတစ်ဦးဖြစ်ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၃၄)နှစ်အရွယ်ရှိ ဆက်ဇ်နီက ကျွန်တော် ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဘာစီလိုနာအသင်း အောင်မြင်တိုးတက်ဖို့အတွက်လည်း အစွမ်းကုန်ကြိုးစားပေးသွားမှာပါဟု ပြောသည်။ (ဝဲပုံ)(NGB)

## ဘရီမာအား ခေါ်ယူရန် ဆောင်းရာသီဈေးကွက်တွင် မန်ချက်စတာယူနိုက်တက်အသင်း ခေါ်ယူဖွယ်ရှိ



**တူရင် အောက်တိုဘာ ၃**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဂျူဗင်တပ်အသင်း နောက်ခံကစားသမား ဘရီမာအား လာမည့် ဆောင်းရာသီဈေးကွက် အတွင်းတွင် ခေါ်ယူသွားဖွယ် ရှိနေသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၉၀ ကစားပြီး ၈ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဘရီမာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ (ဝဲပုံ)

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းသည် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘရီမာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)

## ချန်ပီယံလိဂ်သွင်းဂိုးအများဆုံး သွင်းယူနိုင်သည့် အာဖရိကကစားသမားအဖြစ် ဆာလာ မှတ်တမ်းဝင်

**လီဗာပူး အောက်တိုဘာ ၃**

လီဗာပူးအသင်းနှင့် အီဂျစ်လက်ရွေးစင်အသင်းတိုက်စစ်မှူး ဆာလာသည် ကစားသမားဘဝတွင် ချန်ပီယံလိဂ် အများဆုံး သွင်းဂိုး(၄၅ဂိုး)ဖြင့် သွင်းယူနိုင်သည့် အာဖရိကကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်) ပွဲစဉ်(၂)အဖြစ် လီဗာပူးအသင်းက ဘိုလော့ညာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅၈ ပွဲကစားပြီး ၂၁၇ ဂိုးထိလည်း သွင်းယူနိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ချန်ပီယံလိဂ် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့လည်း ကစားသမားဘဝအတွက် ပိုမိုအမှတ်ရစေပါတယ်။ ပြီးတော့ အသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ် ချန်ပီယံဆုကိုလည်း ရယူသိမ်းပိုက်သွားလိုပါတယ်ဟု ပြောသည်။

(အောက်ပုံ)(NGB)



## ဘောလုံးသတင်း အတိုအထွာများ

* အာဆင်နယ်အသင်း တောင်ပံကစားသမား ဆာလာက မိမိတို့အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ် ချန်ပီယံဆုကြီးကို သိမ်းပိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
* ပရီးမီးယားလိဂ် ကလပ်အသင်းများသည် လာမည့်ဘောလုံးရာသီမှစတင်ကာ ရာသီသစ်မစတင်မီ နွေရာသီအပြောင်းအရွှေ့အား ပိတ်သိမ်းရန် သဘောတူညီမှုရရှိခဲ့ကြောင်းသတင်းများက ဖော်ပြခဲ့သည်။
* ဥရောပ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)ပွဲစဉ်(၂)အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက လိုင်လီအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အံ့အားသင့်ဖွယ် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အသင်းနည်းပြ အန်ဆလော့တီက ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။ (NGB)

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၅-၁၀-၂၀၂၄ | (၃)မာဆေး - အန်ဂျီး(၁၈) | မာဆေး ၃-၁ အန်ဂျီး | မာဆေး(အိမ်) | ၂ | ၁ | ၁ | - | ၄ | ၂ |
| နံနက်၀၁:၁၅နာရီ | (D,W,W,W,L) (L,L,D,D,L) | အန်ဂျီး ၀-၃ မာဆေး | အန်ဂျီး(ဧည့်) | ၂ | - | ၁ | ၁ | ၁ | ၃ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၅-၁၀-၂၀၂၄ | (၁၅)အော့ဂ်စဘတ် - ဂလာဘတ်(၁၁) | အော့ဂ်စဘတ် ၄-၄ ဂလာဘတ် | အော့ဂ်စဘတ်(အိမ်) | ၃ | ၁ | ၁ | ၁ | ၇ | ၆ |
| နံနက်၀၁:၀၀နာရီ | (D,L,W,L,L) (L,W,L,L,W) | ဂလာဘတ် ၁-၂ အော့ဂ်စဘတ် | ဂလာဘတ်(ဧည့်) | ၂ | ၁ | - | ၁ | ၂ | ၂ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၅-၁၀-၂၀၂၄ | (၁၆)လီဂါနက်စ် - ဗလင်စီယာ(၁၈) | လီဂါနက်စ် ၁-၀ ဗလင်စီယာ | လီဂါနက်စ်(အိမ်) | ၃ | ၁ | - | ၂ | ၂ | ၄ |
| နံနက်၀၁:၃၀နာရီ | (L,L,L,D,D) (D,L,W,D,L) | ဗလင်စီယာ ၁-၁ လီဂါနက်စ် | ဗလင်စီယာ(ဧည့်) | ၄ | - | - | ၄ | ၁ | ၁၀ |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၅-၁၀-၂၀၂၄ | (၁)ဆန်းဒါးလန်း - လိဒ်စ်(၅) | ဆန်းဒါးလန်း ၁-၀ လိဒ်စ် | ဆန်းဒါးလန်း(အိမ်) | ၄ | ၄ | - | - | ၈ | - |
| နံနက်၀၁:၃၀နာရီ | (W,L,W,L,W) (W,L,W,W,D) | လိဒ်စ် ၀-၀ ဆန်းဒါးလန်း | လိဒ်စ်(ဧည့်) | ၄ | ၂ | ၂ | - | ၅ | ၁ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၁၀-၂၀၂၄ | (၁)နာပိုလီ - ကိုမို(၁၀) | နာပိုလီ ၀-၁ ကိုမို | နာပိုလီ(အိမ်) | ၃ | ၃ | - | - | ၇ | ၁ |
| ညသန်းခေါင်၁၁:၀၀နာရီ | (W,W,W,D,W) (D,L,D,W,W) | ကိုမို ၂-၀ နာပိုလီ | ကိုမို(ဧည့်) | ၄ | ၁ | ၁ | ၂ | ၄ | ၇ |
| ၅-၁၀-၂၀၂၄ | (၁၄)ဗီရိုနာ - ဝင်းနစ်ဇီးယား(၁၉) | ဗီရိုနာ ၃-၁ ဝင်းနစ်ဇီးယား | ဗီရိုနာ(အိမ်) | ၃ | ၁ | - | ၂ | ၅ | ၆ |
| နံနက်၀၁:၁၅နာရီ | (L,W,L,L,L) (D,L,L,W,L) | ဝင်းနစ်ဇီးယား ၃-၄ ဗီရိုနာ | ဝင်းနစ်ဇီးယား(ဧည့်) | ၄ | - | ၁ | ၃ | ၂ | ၉ |

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပန်းလောင်မြစ်ကြောင်းတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်၊ ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး



နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံအနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အပူပျံတက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခြင်းနှင့် အချို့သောဒေသများတွင် ဒေသအလိုက် နေရာကွက်ကျား မိုးကြီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

ထို့ကြောင့် ပန်းလောင်မြစ်အထက်ပိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများဖြစ်ပေါ်ခဲ့ရာ ပန်းလောင်မြစ်အထက်ပိုင်းရှိ တောင်ကျချောင်းရေများစီးဆင်းမှုကြောင့် အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ပန်းလောင်မြစ်၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါမြစ်ဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် ရွာခိုင်ကြီးကျေးရွာ၊ အိမ်ရှေ့တောင်ကျေးရွာ၊ ကဆွန်ကျေးရွာ၊ မြစ်ဆုံကြီးကျေးရွာ၊ ရွှေပေါက်ကျွန်းကျေးရွာတို့တွင် မြစ်ရေလေးပေခန့်၊ မြစ်သားမြို့ ကျွန်းတောရပ်ကွက် မြို့မ(အရှေ့/အနောက်)နှင့် ဘူတာရပ်ကွက်၊ မြစ်သားမြို့နယ် ကျွန်းလှကျေးရွာ၊ မရုက်ကျေးရွာ၊ နွားကူးလေးကျေးရွာ၊ လောင်းတော်ဦးကျေးရွာ၊ ရွာမုန်းကြီးကျေးရွာ၊ ယွေးကျေးရွာနှင့် လက်ပံဆိပ်ကျေးရွာ၊ အုန်းကုန်းကျေးရွာတို့တွင် မြစ်ရေ ငါးပေခန့်၊ မြစ်သားမြို့ မင်းကုန်းရပ်ကွက်၊ ရှမ်းပွဲရပ်ကွက်၊ ရွှေသူဌေးရပ်ကွက်နှင့် အုပ်ရှစ်ကုန်းရပ်ကွက်များတွင် မြစ်ရေသုံးပေခန့် အသီးသီးရေဝင်ရောက်နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာ ၁၅ ရွာတို့မှ အိမ်ခြေ ၄၈၇၂ ခု၊ အိမ်ထောင်စု ၅၂၂၆ စု၊ လူဦးရေ ၁၉၈၄၅ ဦး ရေဘေးသင့်ခဲ့သဖြင့် အဆိုပါ ရေဘေးသင့်ပြည်သူများအနက် အိမ်ခြေ ၁၁၈၀၊ အိမ်ထောင်စု ၁၁၉၀၊ လူဦးရေ ၄၁၅၇ ဦးတို့အား ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၂၇ ခုဖွင့်လှစ်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက လိုအပ်သည့် ကူညီရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း သွားရောက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်သားမြို့နယ်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်မီ သက်ဆိုင်ရာတာဝန်ရှိသူများက အသိပေးတိုက်တွန်းနှိုးဆော်ခြင်းများ၊ ကူညီရွှေ့ပြောင်းပေးခြင်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရေဘေးကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအရ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားပြီး ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှု၍ သတိပြုနေထိုင်ကြပါရန် အသိပေးထားသည်။ **သတင်းစဉ်**



ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးတွင် ကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံး ရဲသူရိန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စောအေး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ကျော်၊ ရဲဦးစီး(ပထမတန်း)၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ၎င်းတို့၏ ဇနီးများ၊ မိသားစုဝင်များ တက်ရောက်ကြသည်။



အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရဲမှူးချုပ်စိန်လွင်က နှစ်(၆၀)ပြည့် ရဲတပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး တစ်ဆင့်မြင့်ရာထူးတိုး(၁)ဆု၊ အမှုထမ်းကောင်းဆု(၃)ဆုကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး မြင့်ကျော်က အမှုထမ်းကောင်းဆု(၃)ဆု၊ ချီးကျူးဂုဏ်ပြုမှတ်တမ်းဆု(၁)ဆုကိုလည်းကောင်း၊ ဦးစီးအရာရှိ(ပထမတန်း)ဒုတိယရဲမှူးကြီး နိုင်ဦးကျော်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ အမှုထမ်းကောင်းဆု(၃)ဆု၊ ချီးကျူးဂုဏ်ပြုမှတ်တမ်းဆု(၁)ဆုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ တိုင်းရဲတပ်ဖွဲ့ရုံး ဒုတိယရဲမှူးကြီး မင်းခန့်ပိုင်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ချီးကျူးဂုဏ်ပြုမှတ်တမ်းဆု(၁)ဆုကိုလည်းကောင်း၊ ဒုတိယရဲမှူးကြီး ဆိုင်းနန်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ အမှုထမ်းကောင်းဆု(၃)ဆု၊ ဂုဏ်ပြုမှတ်တမ်းဆု(၁)ဆုကိုလည်းကောင်း၊ မဟာအောင်မြေခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး မြင့်လေးက အမှုထမ်းကောင်းဆု(၃)ဆု၊ချီးကျူးဂုဏ်ပြုမှတ်တမ်းဆု(၁)ဆုကိုလည်းကောင်း၊ တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ဝင်းနိုင်က အမှုထမ်းကောင်းဆု(၃)ဆုကိုလည်းကောင်း၊ အောင်မြေသာစံခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး စိန်ယုက အမှုထမ်းကောင်းဆု(၂)ဆုကိုလည်းကောင်း၊ အမရပူရခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ကျော်သာဦးက အမှုထမ်းကောင်းဆု(၂)ဆုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက နေအိမ်လိုင်းခန်းဆု(၂)ဆုကိုလည်းကောင်း၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ဇနီးက နေအိမ်လိုင်းခန်းဆု(၂)ဆုကိုလည်းကောင်း၊ ဦးစီးအရာရှိ(ပထမတန်း)၏ ဇနီးက နေအိမ်လိုင်းခန်းဆု(၁)ဆုကို လည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(၀၉၃)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး(Talk Show)ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မျိုးသူတို့က ရာသီဥတုပြောင်းလဲမှု ကြောင့် ဖြစ်ပေါ်နိုင်သည့် အကျိုးသက်ရောက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ချမ်းမြေ့**



## ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်လျက်ရှိ

**လဟယ် အောက်တိုဘာ ၃**

နာဂဒေသ၊ လဟယ်မြို့အနီး ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးနိုင်ရန် ဟွေထိုက်အသေးစား ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်လျက်ရှိသည်။

လဟယ်မြို့ရှိ ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟွေထိုက်ချောင်းပေါ်တွင် ရေထိန်းတမံတစ်ခု တည်ဆောက်၍ ရေသိုလှောင်ပြီး ရရှိလာမည့် ရေအားအမြင့်ကို အသုံးပြုလျက် ၄ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၁၈ဂီဂါဝပ် နာရီသန်းပေါင်းအား ထုတ်လုပ်နိုင်မည် ဖြစ်သည်။

ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား အရည်အသွေး ကောင်းမွန်စွာဖြင့် စံချိန်၊ စံညွှန်းမီ သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးပေးဆောင်ရွက်နေသည်။

ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းသို့ စက်တင်ဘာ ၂၉ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများလာရောက်ကာ ပင်မတာမံ၊ ရေသွယ်မြောင်း၊ ရေလွှဲရေထုတ်ပြွန် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

လဟယ်မြို့နေ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်နှင့် အပန်းဖြေနိုင်စေရန် တစ်ရက်လျှင် ရေဂါလန် ၁၅၀၀၀၀ခန့် ထွက်ရှိသည့် စိမ့်စမ်းရေအား ဆည်ပိတ်ကာ ပြန်လည်တူးဖော်ခဲ့သည့် အကျယ် ၃ ဧက ကျော်နှင့် အနက် ၁၂ ပေရှိ ရေဂါလန် ၉၈သိန်းကျော် သိုလှောင်ထားနိုင်သည့် ကန်ဆောင်ရွက်ပြီးစီးမှုကိုလည်း ဝန်ကြီးချုပ်နှင့်အဖွဲ့ စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

## တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနား ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ် C.T.M.E အခမ်းအနားကို ယမန်နေ့က တိုင်းရင်းဆေးရုံ(ကျိုင်းတုံ)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင် တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌဦးကြည်ဝင်းက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးရုံ(ကျိုင်းတုံ)မှ ဒုတိယဆေးရုံအုပ် ဦးဆန်းလှိုင်က ကျီးပေါင်းရောဂါအကြောင်း စာတမ်းဖတ်ကြားပြီး တက်ရောက်လာကြသည့် ကျိုင်းတုံခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးမင်းဟာန်၊ ကျိုင်းတုံ တိုင်းရင်းဆေးရုံအုပ် ဦးမြင့်ခိုင်၊ ကျိုင်းတုံမြို့နယ် တိုင်းရင်းဆေးမှူး၊ ကျိုင်းတုံ-တာချီလိတ်ခရိုင် တိုင်းရင်းဆေးအသင်းနှင့်ဖိတ်ကြားထားသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်(၂)ဦးမင်းညိုက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တာချီလိတ်မြို့ လင်းသုခတိုင်းရင်းဆေးကုခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဆေးတိုက်မှ ဆရာဦးဇော်လင်းက စာတမ်းရှင်အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကလောချောင်း ရေစီးရေလာကောင်းမွန်စေရေး တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု

**ကလော အောက်တိုဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီး၊ ရေလျှံမှုဖြစ်ပွားခဲ့ပြီး စက်တင်ဘာ ၁၃ ရက်မှာ ရေများပြန်လည်ကျဆင်းသွားသည့်အတွက် ကလောချောင်းရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယမန်နေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ကလောတပ်နယ်မှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကလောချောင်းအား ရေကြီး၊ ရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ချောင်းအား နဂိုမူလအတိုင်း ပြန်လည်စီးဆင်းရေး နိုင်ရေး နုန်းမြေ၊ အမှိုက်များဆယ်ယူခြင်း၊ စက်ယာဉ်ယန္တရားတို့ဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကလော-တောင်ကြီးသွား ပြည်ထောင်စု ကားလမ်းမကြီးအား ရေတိုက်စားမှုကြောင့် မြေပြိုပျက်စီးနေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် အောင်မြင်ပျော်ရွှင်သောဘဝတည်ဆောက်နည်း အသိပညာပေး ဟောပြော

**မန္တလေး အောက်တိုဘာ ၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပညာအထူးပြုဘာသာရပ် B.Sc(Sport) ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းသား၊ သင်တန်းသူများအား အောင်မြင်ပျော်ရွှင်သောဘဝ တည်ဆောက်နည်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ် ၇၃လမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကြက်တောင်အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြများနှင့် အားကစားပညာအထူးပြုဘာသာရပ် B.Sc (Sport) ကျောင်းသား၊ကျောင်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ပြောကြားပြီး(SEA)ကျောင်းအုပ်ကြီး ဒေါက်တာမိုးစန္ဒာနှင့် CEO ဦးနေမျိုးအောင်တို့က အောင်မြင်ပျော်ရွှင်သောဘဝ တည်ဆောက်နည်း အသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(၀၄၅)

## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကုလားပဲသီးနှံ ၂၁၈၄၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် အောက်တိုဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ကုလားပဲစိုက် ဧက၂၀၀၀၀ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒေသတွင်းရှိ တောင်သူတွေကိုလည်း လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ ကုလားပဲစိုက်ပျိုးရာတွင် အရည်အသွေးကောင်းသော ကုလားပဲမျိုးကောင်း၊ မျိုးသန့်မျိုးစေ့တွေ၊ သွင်းအားစုပစ္စည်းသုံးစွဲနည်းတွေနဲ့ စိုက်ပျိုးရေး နည်းပညာတွေကို တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် ပူးပေါင်းကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံကို စီးပွားဖြစ် စိုက်ပျိုးကြပြီး ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ဖနှင့် ရေဆင်း ၁၂ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) မှ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းနှင့်ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ (ဝဲပုံ)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေ တိုးပွားစေရေးအတွက် ကုလားပဲသီးနှံအပါအဝင် မတ်ပဲ၊ ပဲကြီး၊ ပဲကြား၊ စားတော်ပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယင်း၊ ထောပတ်ပဲ စသည့် ပဲမျိုးစုံသီးနှံ ၄၁၈၀၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၄၅)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပို့ကုန်ပဲများ ဈေးငြိမ်နေသော်လည်း အသစ်ဝင်မိုးမြေပဲဆန်နှင့် နှမ်းမျိုးစုံဈေးကျဆင်းနေ



ပို့ကုန်ပဲများဈေးငြိမ်နေသော်လည်း အသစ်ဝင်မိုးမြေပဲနှင့် နှမ်းမျိုးစုံဈေးကျဆင်းနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။

ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးတက်ဈေးကျ အနည်းငယ်နှင့်သာ အရောင်းအဝယ် အနည်းငယ်အေးနေသည်။

အောက်တိုဘာလဆန်းပိုင်းမှာ ပြည်တွင်းရွှေဈေးနှင့် ဒေါ်လာဈေးများကျဆင်းလာသော်လည်း ပဲ၊ နှမ်းဈေးကွက်မှာ ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံး ကုလားပဲများမှာ ဈေးတည်ငြိမ်နေကြောင်း၊ ပြည်တွင်းသုံး ပဲမာလိုင်းများမှာလည်း လက်ကျန်နည်းလာကာ ပဲသစ်စိုက်ပျိုးချိန် ဖြစ်သောကြောင့် ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ်အေးနေကြောင်း မန္တလေးအောက်ပိုင်းဒေသများမှာ မိုးမြေပဲ အသစ်ဝင်ရောက်မှုများလာသဖြင့် မြေပဲလုံးဆန်ဈေးများ ကျဆင်းသလို မြေပဲဆီဈေးများလည်း လိုက်ပါကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲတွေက ဈေးနည်းနည်းတက်နည်းနည်းကျနဲ့ အရောင်းအဝယ်အေးနေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးက လက်ကျန်ပဲမာလိုင်းတွေက ဈေးမတက်ဘဲ ဈေးငြိမ်နေပါတယ်။ ပို့ကုန်ပဲက အရောင်းအဝယ် အသံမကြားရပါဘူး။ မြေပဲဆန်တွေကတော့ အရည်အသွေးကောင်းတဲ့ နွားထိုးကြီး မြေပဲဆန်တောင် တစ်ပိဿာ ၇၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိပါတယ်။ မန္တလေးအောက်ပိုင်းနယ်စုံက မိုးမြေပဲဆန်တွေ အဝင်များနေတော့ ဈေးကျဆင်းပါတယ်။ မြေပဲဆန်ဈေးကျဆင်းတော့ မြေပဲဆီလည်း ဈေးကျဆင်းလာပါတယ်။ လက်ရှိမှာ ဒေါ်လာဈေး ရွှေဈေးတွေ ကျဆင်းနေပေမယ့် ပဲ၊ နှမ်းဈေးကွက်မှာတော့ လက်ကျန်ပဲတွေနည်းလာတော့ ဈေးကငြိမ်နေပါတယ်" ဟု ၎င်း က ပြောသည်။

အောက်တိုဘာ ၃ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀-၄၆၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးမြင့်တက်လာရာ စက်တင်ဘာ ၂၆ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၃၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ လက်ကျန်နည်းလာပြီး ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၈၃၀၀၊ မျိုးမြေပဲ(၈၅၀၀-၉၃၀၀)ပေါက်ဈေး ရှိနေသည်။

ပြည်တွင်း မြေပဲဆန်ဈေးကွက်မှာ မန္တလေးဈေးကွက်တွင် နယ်စုံမှ မိုးမြေပဲများ အဝင်များနေသောကြောင့် အနည်းငယ်ဈေးကျဆင်းသလို ပြည်တွင်းပဲဆီဈေးနှုန်းလည်း လိုက်ပါကျဆင်းလာရာ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ သာပေါက်ဈေး ရှိတော့သည်။

အောက်တိုဘာ ၃ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပုံမှန်သာရှိနေရာ နှမ်းဖြူ(ရိုးရိုး)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊နှမ်းဖြူ(ဂျပန်)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀-၄၄၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းနက်(စမုန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀၀-၅၈၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၃၅၀၀၀-၆၄၀၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ရွှေမန်း**



## မြေဩဇာရည်ညွှန်းဈေးနှုန်းများထုတ်ပြန် ယခင်လထက် အနည်းငယ်ဈေးမြင့်တက်လာ

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး၊ ဆေးလုပ်ငန်းရှင်များအသင်း (MFSPEA) အနေဖြင့် တောင်သူများအဓိက သုံးစွဲလျက်ရှိသော မြေဩဇာ ၄ မျိုးအတွက် ရန်ကုန်အထိုင်ဈေးများ သတ်မှတ်ထုတ်ပြန်ထားရာ ယခင်လထက် အနည်းငယ်ဈေးမြင့်တက်လာသည်။

ယင်းထုတ်ပြန်ချက်အရ ယူရီးယားမြေဩဇာ(အလုံးကြီး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀၊ Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလို တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀၊ Di Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၀ အသီးသီးကို အောက်တိုဘာလအတွက် သတ်မှတ်ထုတ်ပြန်ထားသည်။

အဆိုပါအထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင်ဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင်မူတည်၍ ဈေးနှုန်းအနည်းငယ် ဖြစ်ပေါ်နိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများကို သတ်မှတ်ချက်နှင့်အညီ လစဉ် ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက ဦးဆောင်ကော်မတီ ဖုန်းနံပါတ် ၀၆၇၄ ၁၀၀၃၂၊ (MFSPEA) အသင်း ဖုန်းနံပါတ် ၀၉-၈၈၃၃၅၃၃၅၈ သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

နိုင်ငံတစ်ဝန်း ရေကြီး၊ ရေလျှံမှုများကြောင့် စပါးအပါအဝင် စိုက်ဧက ၇၀၀၀၀၀ ကျော် ပြန်လည်စိုက်ပျိုးရန် ရှိနေပြီး ယခုအချိန်တွင် ဆောင်းရာသီစိုက်သီးနှံများအတွက် မြေပြုပြင်ခြင်း၊ ပျိုးထောင်ခြင်းများ အပါအဝင် ဆောင်းစိုက်သီးနှံများ စတင်စိုက်ပျိုးချိန်ဖြစ်သောကြောင့် သွင်းအားစုမြေဩဇာများကို တောင်သူများ အသုံးပြုမှုများပြားချိန် ဖြစ်သည်။

"ဓာတ်မြေဩဇာဆိုင်တွေက ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုနည်းပါးပြီး တောင်သူများ ဝယ်ယူမှုများပြားချိန်ဖြစ်တော့ ရောင်းဈေးအတိုင်းသာ ဝယ်ယူရပါတယ်။ ဒီလိုဝယ်ယူရာမှာ အရောင်းပြေစာမပေးတော့ပါဘူး" ဟု တောင်သူတစ်ဦးက ပြောသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## ကျောက်တော်ကြီးဘုရားပွဲဈေးသို့ အနယ်နယ်အရပ်ရပ်မှ ၁၂ ပွဲဈေးသည်များ လာရောက်ရောင်းချ

မန္တလေးမြို့ ကျောက်တော်ကြီးဘုရားပွဲဈေးသို့ အနယ်နယ်အရပ်ရပ်မှ ၁၂ ပွဲဈေးသည်များ လာရောက်ရောင်းချလျက်ရှိသည်။

နှစ်စဉ်ကျင်းပမြဲ ကျောက်တော်ကြီးဘုရားပွဲဈေးကို မန္တလေးတောင်ခြေတွင် ခင်းကျင်းရောင်းချလျက်ရှိရာ လယ်ယာသုံးကိရိယာများနှင့် ဝါးနီးထည်များဖြစ်သည့် ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ပလိုင်းများကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာမှ ကျောက်ပျဉ်များ၊ ပန်းပဲထည်များ ဧရာဝတီတိုင်းမှ သင်ဖြူးဖျာများနှင့် ပြည်တွင်းအထည်စက်ရုံများမှ အဝတ်အထည်များ၊ ကရေကရာမုန့်သည်များ၊ ဒေသအစုံမှလာရောက်သည့် အကြော်သည်များ လာရောက်ရောင်းချလျက်ရှိသည်။

"ကျောက်တော်ကြီးဘုရားပွဲဈေးကို နှစ်စဉ် နီးထည်နှင့် ကျောက်ပျဉ်တွေကို စစ်ကိုင်းမြို့ ကျောက်တာရွာကနေ လာရောင်းပါတယ်။ နီးထည်တွေကတော့ မုံရွာနယ်ကနေ မှာယူရောင်းချတာပါ။ ဂျုံရိုးဦးထုပ်တွေလည်း ပါတယ်။ ပွဲတော်ရက်တောင် မရောက်သေးပေမယ့် ဈေးရောင်းကောင်းပါတယ်။ ဆိုင်ခန်းခတွေကတော့ တစ်နှစ်ထက် တစ်နှစ် ဈေးတက်လာသလို ဈေးရောင်းတဲ့ ကုန်တွေလည်း ဈေးတက်လာပါတယ်။ အရင်က ဆန်ကော၊ ဆန်ခါဆိုတစ်ချပ် ၅၀၀၀-၆၀၀၀ လောက်နဲ့ ရောင်းတာ ဒီနှစ် တစ်ချပ် ငွေကျပ် ၉၀၀၀ လောက် ရောင်းရပါတယ်။ အမျိုးအစားအလိုက် မနှစ်ကထက် ငွေကျပ် ၃၀၀၀လောက် ဈေးမြင့်တက်လာပါတယ်" ဟု ကျောက်တာကျေးရွာမှ ဈေးသည် ဦးကျော်စိုးက ပြောသည်။



မန္တလေးမြို့ ကျောက်တော်ကြီးဘုရားပွဲဈေးသို့ လာရောက်ရောင်းချသည့် ဈေးသည်များသည် ပွဲတော်ရက် မတိုင်မီ လာရောက်ခင်းကျင်းရောင်းချကြပြီး ပွဲတော်ကာလပြီးဆုံးပါက နောက်ထပ်ဘုရားပွဲတော်များရှိရာသို့ ပြောင်းရွှေ့ရောင်းချကြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ လာရောက်ရောင်းချသည့် သင်ဖြူးဖျာများမှာလည်း ယခင်နှစ်ထက် ဈေးများမြင့်တက်လာကြောင်း၊ မန္တလေးမြို့ခံများမှာ ကျောက်တော်ကြီးဘုရားပွဲတော်ချိန်တွင် သင်ဖြူးဖျာများကို တစ်နှစ်တစ်ကြိမ် အသစ်လာရောက်ဝယ်ယူမှုများသောကြောင့် အခြားဘုရားပွဲဈေးများထက် သင်ဖြူးဖျာကို ပိုမိုရောင်းချရကြောင်း သိရသည်။

**(ဝဲပုံ)**

**ရွှေမန်း**

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အောင်မြေသာစံမြို့နယ်၊ အလင်းရောင်စာကြည့်တိုက်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ရန်ပုံငွေကျပ်သိန်း ၅၀ ပေးအပ်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ(အရှေ့)ရပ်ကွက်၊ ထားဝယ်ရပ်ရှိ အလင်းရောင်စာကြည့်တိုက်သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ရန်ပုံငွေကျပ်သိန်း ၅၀ပေးအပ်ပွဲကို အောက်တိုဘာ ၂ရက် နံနက်၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် ပြုလုပ်သည်။



ရှေးဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးဦးစန်းထွန်းလင်းက စာကြည့်တိုက်ရေကာများ တပ်ဆင်ရန်နှင့် ပရိဘောဂများ ဖြည့်တင်းရန်ဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန် ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ရန်ပုံငွေကျပ် သိန်း ၅၀ကို ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း(မြင့်သိန်း-ပညာရေး) နှင့်ကော်မတီဝင်အလုပ်အမှုဆောင်များ၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတာဝန်ရှိသူများက လက်ခံရယူကြသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဒေါ်မြင့်မြင့်သန်း၊ ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူ၊ ဦးစီးအရာရှိဒေါ်ခင်နှင်းဆီ၊ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ရွှေ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြကြောင်း သိရသည်။ **(၀၉၃)**

## သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) အထူးဓမ္မသဘင် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာမိသားစု၏ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)၊ ညနေ ၆ နာရီတွင် မန္တလာမြေခန်းမ(ဓမ္မာရုံ)၌ အထူးဓမ္မာရုံတွင် အထူးဓမ္မသဘင်ကျင်းပမည် ဖြစ်သည်။

အဆိုပါ အထူးဓမ္မသဘင် အခမ်းအနားတွင် သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဟိတဓရ ဓမ္မကထိက၊ ဇေယျာလူမှုထူးချွန်(ပထမအဆင့်)ဆရာတော်ဘဒ္ဒပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)က တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ရာ တရားနာကြွရောက်ကြပါရန် ဓမ္မသဘင်ကုသိုလ်ရှင် ဦးဟိန်းမင်းထက်+ဒေါ်အိအိသော်၊ (သား) မောင်မြတ်မင်းခန့်၊ (သမီး) မသံလွင်ဖြူ၊ မရွှေဝတီထက် မိသားစုများက ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(၀၅၃)

## မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁၁)ဖွင့်လှစ်မည်

**မန္တလေး အောက်တိုဘာ ၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် သတင်းရေးသားနည်း အခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁၁)ဖွင့်လှစ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးမှ သိရသည်။

အဆိုပါသင်တန်းတွင် အမျိုးသားစာပေတစ်သက်တာဆုရှင်များ ဖြစ်ကြသော ဆရာကြီးတက္ကသိုလ်မြတ်သူ၊ ဒေါက်တာထွန်းတင့်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ သူရဇော်၊ ကြူကြူသင်း၊ မစန္ဒာ၊ မြင်းမူမောင်နိုင်မိုးတို့နှင့်အတူ အမျိုးသားစာပေဆုနှင့် နိုင်ငံတော်အဆင့်စာပေဆု ရရှိခဲ့ကြသူများဖြစ်ကြသော မမိုးမြေ၊ မနှင်းဖွေး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်တိုး(လှိုင်)၊ ပုသိမ်အောင်သန်းဦး၊ အောင်ကြည်ညွှန့်(တက္ကသိုလ်)၊ ဆွေဇင်ညွှန့်တို့က သင်ကြားပို့ချကြမည် ဖြစ်သည်။

သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက်မှ ၂၈ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းသားအရေအတွက် ကန့်သတ်ထားသည်။

စိတ်ပါဝင်စားသူများ သင်တန်းတက်ရောက်လိုပါက သင်တန်းကြေး ငွေကျပ် ငါးသောင်းပေးသွင်းရမည်ဖြစ်ပြီး အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ကာ သင်တန်းမှ ချမှတ်ထားသော သင်တန်းစည်းကမ်းများ လိုက်နာရမည်။ အသေးစိတ် အချက်အလက်များကို စုံစမ်းသိရှိလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တွင် စုံစမ်းနိုင်သည်။ အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထားပြီး ပတ်စ်ပို့ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူကာ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (PNT)





## ကျောင်းဆရာ

* ကျောင်းဆရာ တော်ကဝိရယ်က
ကောင်းအဖြာဖြာ အပျော်မသိပါဘု
အဖော်မရှိ နေလိုက်မည် ။

* လစာငွေ
ရတာခြွေ ဖြစ်သလိုစား၍
မျှကာဝေ အပြစ်ကိုတားရ
အနှစ်ဆိုစကား ပန်းလုငယ်ကို
လမ်းပြကြယ် ဥယျာဉ်မှူးရယ်က
စိတ်ကူးလို့ကြည် ။

* အတွေးအရေး အမေးဖြေမှာကွယ်
ကလေးအဖေ ထင်မှတ်ရပေါ့
သင်တတ်ပါ့ စေတနာရယ်
ဝေဒနာ လူမသိပါဘု
မူအတိ တွေ့ခဲ့အတည်
မေ့ရဲသည် ချစ်တဲ့သူလေး ။

* အမြင့်တွယ်ကာ
အပွင့်ရယ်ဖြာ ပင်လွှာမွှေးအောင်
ပညာရေး ကမ်းအကျယ်မှာ
ခန်းမလွယ် ကျမ်းကိုးလျက်ပေမို့
အလွမ်းမသယ် ပန်းပျိုးလက်ဖြင့်
ထမ်းပိုးရွက်သေး ။ ။

**ဇော်ဝင်း(မရှိမ)**

(ကမ္ဘာ့ဆရာများနေ့အား ဂုဏ်ပြုရေးဖွဲ့ပါသည်။)

## အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဆွေးနွေး

**ညောင်ဦး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအား အွန်လိုင်းမှတစ်ဆင့်ဝယ်ယူခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၂ရက် မွန်းလွဲ ၁ နာရီက စားသုံးသူရေးရာဦးစီးဌာနညောင်ဦးခရိုင် ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးမှူးက ပြည်သူများအွန်လိုင်းမှတစ်ဆင့်ဈေးဝယ်ယူခြင်း၏အားသာချက်၊ အားနည်းချက်များ၊ အွန်လိုင်းရောင်းချခြင်းဖြင့် လိမ်လည်မှုများ၊ အွန်လိုင်းရောင်းချမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စိစစ်သင့်သည့်အချက်များ ရှင်းလင်းပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များမှ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**(အောက်ပုံ)(၀၄၅)**



# သတင်းပဒေသာ

## သန်းခေါင်စာရင်း ကောက်ယူလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၌ မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်ယူခြင်းကို ယနေ့ နံနက်ပိုင်းက မြို့ပေါ် (၅) ရပ်ကွက်သို့ စတင်၍ မြေပြင်ကွင်းဆင်း၍ စာရင်းကောက်ယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်ထမ်းများအား ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရေဘေးသင့်ခံခဲ့ရသည့် အိမ်ထောင်စုဝင် ဝန်ထမ်းများအား ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနတွင် ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးဦးညီညီထွေးက ဝန်ထမ်းအနေဖြင့် စိတ်အားမငယ်စေရန်နှင့် မည်သည့်သဘာဝဘေးမဆို တက်ကြွစွာ ပါဝင်ကူညီစေရန် ရှင်းလင်းပြောကြားပြီးနောက် ဝန်ထမ်း ၁၉ ဦးအတွက် တစ်ဦးလျှင် ၆ ပြည်ဆံ့ ဆန်၊ ဆီတစ်ပိဿာ၊ အစားအစာနှင့် ငွေ တစ်သိန်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်း မြို့နယ်အဆင့် စတင်ကောက်ယူ

ပြည်ထောင်စုနယ်မြေ၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် ယမန်နေ့ နံနက်ပိုင်းမှစတင်၍ ရပ်ကွက်နှင့် ကျေးရွာများတွင် စတင်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပလတ်စတစ်ညစ်ညမ်းမှုလျော့ချရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ ဒက္ခိဏဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွတ်ကြွတ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်းရှိ ဈေးသည်များကိုဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်း တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကိုင်းတုံမြို့တွင် ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ယမန်နေ့ နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူများ သက်သာစွာစားသုံးနိုင်ရေး ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စားသုံးသူပြည်သူများ သက်သာစွာ စားသုံးနိုင်ရေးအတွက် မြို့သစ်မြို့နယ်စည်ပင်သာယာဈေးကြီးရှိ အသားဆိုင်များ၌ လက်ရှိမြေပြင်တွင် ဖြစ်ပေါ်ရောင်းချလျက်ရှိသော အသား (အမဲ၊ ဝက်၊ ဆိတ်) ဈေးနှုန်းများအား ဗီနိုင်းဆိုင်းဘုတ်များဖြင့် လျှော့ချသတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ရောင်းချစေရေး အဖွဲ့ဝန်ထမ်းများက နေ့စဉ်အချိန်ပြည့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာ အလှူငွေ ပေးအပ်

**မန္တလေး အောက်တိုဘာ ၃**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊ B.A)အရှင်မြတ်က ကောင်းမှုကုသိုလ် အစုစုတို့အတွက် ရေစက်ချ အနုမောဒနာ ဟောကြားချီးမြှင့်သည်။ (ဓါတ်ပုံ)

ထို့နောက် နှစ်ဖက်မိဘများအားရည်စူး၍ ဦးအောင်မြင့်သိန်း+ဒေါ်ချိုချိုမြင့်(ချိုချိုခေါင်းအုံးနှင့် မွေ့ရာဆိုင်၊ ယုဇနရုံ၊ မြေညီထပ်၊ မန္တလေးအဆင့်မြင့်ဈေးချို)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၃၀ ဖြည့်စွက်လှူဒါန်းငွေကျပ် တစ်သိန်း၊ စုစုပေါင်း ၃၁ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသား၊ သံဃာတော်များအား (၃၄)ကြိမ်မြောက်အဖြစ် နေ့ဆွမ်းဆက်ကပ်ကာ ဆရာတော်၊ သံဃာတော်တို့အား တစ်ပါးချင်းစီ နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၃၆)

## (၁၂၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲတော် ကျင်းပ

**ရွှေဘို အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ မော်ခေါမြင်သာမြို့ထောင့် စေတီတော်မြတ်ကြီး (၁၂၉) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲတော်ကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

"ရွှေဘိုမြို့ရဲ့ ဝါတွင်းသုံးလ အပတ်စဉ်ဘုရားစဉ်တွေဖြစ်တဲ့ ဆာ၊ သေ့၊ ပန်၊ ဆု၊ ဂူ၊ ရ၊ ကျွန်း၊ တော်၊ ကျ၊ ဦး၊ တော်၊ ခန်း၊ လော ဆိုတဲ့ အစဉ်အလာအတိုင်း အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်တော်မူခဲ့တဲ့ ရှေးဟောင်းသမိုင်းဝင် မော်ခေါမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး(၁၂၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်"ဟု ပွဲတော်ကျင်းပရေးဦးစီးသူက ပြောသည်။



ဘုံဆွမ်းလောင်းလှူပွဲတော်တွင် ရွှေဘိုမြို့ခံနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ စေတနာရှင်၊ အလှူရှင်များနှင့်အတူ ရွှေဘိုတပ်နယ်မိသားစုများ၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ရွှေဘိုမြို့ပေါ်ရပ်ကွက်များရှိ ဘုံဆွမ်းလောင်းအသင်းများက ရွှေဘိုမြို့ပေါ်ကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်အပါး(၈၀၀) တို့အား ဆွမ်း၊ ခဲဖွယ်၊ လှူဖွယ်ဝတ္ထုအစုစုတို့အား လောင်းလှူပူဇော်ခဲ့ကြပြီး အနုမောဒနာတရားတော်များကို နာယူပူဇော်ကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

မော်ခေါမြင်သာမြို့ထောင့် စေတီသည် ရွှေဘိုမြို့၏ အရှေ့မြောက်ထောင့်အရပ်တွင်ရှိပြီး ရွှေဘိုသမိုင်းတွင် အရေးပါသည့် စေတီတစ်ဆူဖြစ်သည်။ ယခင်နှစ်များက ဘုရားပွဲတော်ကို နှစ်စဉ်တော်သလင်းလပြည့်ကျော် ၇ ရက်မှ သီတင်းကျွတ်လဆန်း ၁ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပကာ အထက်အညာဒေသတစ်လျှောက် အလွန်စည်ကားသည့် ဘုရားပွဲတော်ဖြစ်သည်။ ယခင်ကျင်းပခဲ့သော နှစ်စဉ်ဘုရားပွဲတော်များတွင် ခြင်းအလှခတ်ပြပွဲများ၊ လှေလှော်ပြိုင်ပွဲများ ထည့်သွင်းကျင်းပကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

## (၁၀)ကြိမ်မြောက် ဘာသာပေါင်းစုံ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးမြို့လုံးဆိုင်ရာ မဟာတမန်တော်နေ့ကျင်းပရေးကော်မတီ သွေးလှူဒါန်းပွဲ ကျင်းပရေး ဆပ်ကော်မတီမှ ဦးစီးကျင်းပသော (၁၀)ကြိမ်မြောက် ဘာသာပေါင်းစုံ စုပေါင်းသွေးလှူဒါန်းပွဲကိုအောက်တိုဘာ ၂ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၈၀၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားရှိ ပန်းသေးဗလီခန်းမတွင် ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး သွေးလှူဘဏ် တာဝန်ခံရောဂါဗေဒဆရာဝန်ကြီးနှင့် ဆရာဝန်သူနာပြုများ မန္တလေးမြို့လုံးဆိုင်ရာ တမန်တော်နေ့ ကျင်းပရေးကော်မတီဝင်များ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်သီညွတ်ရေးအဖွဲ့ဝင်များ ဘာသာပေါင်းစုံ စေတနာသွေးလှူရှင်များ တက်ရောက်ကြသည်။

သွေးလှူဒါန်းပွဲတွင် သွေးလှူဘဏ် ဆရာဝန်သူနာပြုများက သွေးပေါင်ချိန်ခြင်း သွေးအမျိုးအစားခွဲခြားခြင်းနှင့် သွေးဖောက်ယူခြင်းများ ဆောင်ရွက်ပြီး သွေးလှူဒါန်းပွဲ ကျင်းပရေးကော်မတီက အားဖြည့်အစာများ ပေးအပ်သည်။ ဆက်လက်၍ သွေးအိတ်များအား သွေးလှူဒါန်းပွဲ ကျင်းပရေးကော်မတီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲသို့ပေးအပ်ခဲ့ရာ ဆေးရုံအုပ်ကြီးက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)



မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန်း။

# တပည့်အကျိုး လွန်သယ်ပိုး ကိုးကွယ်ထိုက်တာ မြတ်ဆရာ

လောကမှာ မြတ်ဘုရားမှတစ်ပါး ဆရာမရှိဘဲ အလိုလို တတ်သိကျွမ်းကျင်သူမရှိပါ။ လူတိုင်း၊ လူတိုင်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ တစ်ဦးဦးရဲ့ တပည့်အဖြစ် သင်ယူကြရတာကြောင့် လူတိုင်း ဆရာနှင့်မကင်းနိုင်ပါ။ ကမ္ဘာ့ဆရာများထဲမှ ပါဝင်တဲ့ မြန်မာ့ဆရာကို ဘုရားနဲ့တစ်ဂိုဏ်းတည်းထားပြီး အနန္တော‌အနန္တ ငါးပါးမှာ တစ်ပါးအပါအဝင်အဖြစ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက သတ်မှတ်လေးစားတန်ဖိုးထားခြင်းဟာ ကမ္ဘာ့အခြားဆရာများနဲ့မတူ ထူးခြားတဲ့ ဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ မြန်မာ့လူ့ဘောင်မှာ ဆရာဟာ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားတဲ့ အရေးပါတဲ့ပုဂ္ဂိုလ်ဖြစ်လို့ ရန်မူပြစ်မှားခြင်းမပြုထိုက်ဘဲ မိုးကြိုးလောင်မီးကဲ့သို့ ဝေးခွာရှောင်အပ်တဲ့ပုဂ္ဂိုလ်လေးဦးထဲမှာ တစ်ဦးအပါအဝင်ဖြစ်ကြောင်းကို

"မိဘတစ်သီး အစ်ကိုကြီးနှင့်လောင်မီးပမာရှောင်အပ်စွာသား ဆရာသမား ဤလေးပါး၌ ပြစ်မှားမာန်ပါ မကျင့်ရာလို့" ပညာရှိများက ဆုံးမခဲ့ပါတယ်။ တပည့်သားမြေးတို့ရဲ့ ပူဇော်အထူးကို ခံယူထိုက်တဲ့ အာဟုနေယျပုဂ္ဂိုလ်ဖြစ်လို့ ဆရာမိဘကို ပြစ်မှားမိပါက အပါယ်ငရဲဆင်းရဲလောင်ကျွမ်းတတ်ပြီး အာဟုနေယျ မီးလောင်မြိုက်ခံရတတ်ပါတယ်။ ဒါကြောင့် ရှင်မဟာသီလဝံသက "တုတုပပပြစ်မှားကြလျှင် မိဒဏ်၊ ဘဒဏ်၊ ဆရာဒဏ် ခံရလိမ့်မည် မယွင်းတည်း" ဟု ဆုံးမတော်မူခဲ့ပါတယ်။

နှမ်းခိုးစားတဲ့ မင်းသားကို ဒိသာပါမောက္ခဆရာကြီးက ရိုက်နှက်ဆုံးမရင် အန္တရာယ်ရှိမှန်းသိပါလျက် တပည့်အကျိုးကို မျှော်ကိုးပြီး ဆုံးမခဲ့တဲ့ ဆရာရဲ့ မေတ္တာစေတနာသည်လည်းကောင်း၊ မြကေတုရဲ့ မင်းတုန်းမင်းနဲ့ ငါးခြောက်ပြားဆောင်းပါးမှာ နောင်အခါ မင်းဖြစ်လာမယ့် ဘုန်းကြီးကျောင်းသား မောင်လွင်(မင်းတုန်းမင်း)ကို ငါးခြောက်ပြားတစ်ပြားကိုပင် နိုင်အောင်မထိန်းနိုင်တဲ့အတွက် ရိုက်နှက်ဆုံးမခဲ့တဲ့ ဆရာတော် ဦးစန္ဒိမာရဲ့ တပည့်အပေါ်ထားတဲ့ စိတ်ဓာတ်သည်လည်းကောင်း တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးမားလှပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မစိန် အ·လ·ကမှ ဆရာ ဦးလှအောင်ဟာ ရပ်ဝေးက ဘော်ဒါလာနေပြီး ပညာသင်ယူကြမဲ့ ကလေးတွေအတွက် အိမ်ဆောက်ပစ္စည်းနဲ့ စားသောက်စရာတွေကို တပည့်တွေနဲ့အတူ မြစ်ကြောင်းတစ်လျှောက် အလှူခံရင်း လေနီကြမ်းတိုက်လာတဲ့အခါ ကလေးတွေကို ဘေးလွတ်ရာ ကမ်းကိုပို့ပြီး အပြန် မထုလေးကျွမ်းကမ်းပါးပြိုလို့ လှေမှောက်ပြီး ဦးလှအောင်နဲ့ ပစ္စည်းတွေ ဆုံးရှုံးခဲ့ပါတယ်။ တပည့်တွေကို ဘေးကင်းရာပို့ပြီးမှ အသက်ဆုံးရှုံးခဲ့ရတဲ့ ဦးလှအောင်ဟာ "ဘေးရန်ဆီးကာ" ဆိုတဲ့ ဆရာဝတ္တရားကို လက်တွေ့ထင်ရှားစေခဲ့သူဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မတူပီနယ်၊ ရေဇွာ အ·ထ·ကမှ ဆရာ ဦးမောင်ဆတ်ဟာ တောမီးကတစ်ဆင့် ကျောင်းကို မီးကူးမလာအောင် ငြိမ်းသတ်နေတဲ့ တပည့်လေးဦးရဲ့အသက်ကိုကယ်ပြီး မီးလွတ်ရာကို ပို့ပေးနိုင်ခဲ့ပေမယ့် ဆရာကိုယ်တိုင် မီးလောင်သေဆုံးခဲ့ရတာဟာလည်း ဆရာရဲ့ တပည့်တွေအပေါ်ထားတဲ့ ကြီးမားတဲ့ မေတ္တာစေတနာကို လက်တွေ့ပြသခဲ့ခြင်းဖြစ်ပါတယ်။

ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက် အ·ထ·က ဆရာမ ဒေါ်မြင့်ရွှေဟာ ရွာကို မီးလောင်တဲ့အခါ စာကျက်နေတဲ့ ကလေးခုနစ်ဦးရယ်၊ လှေမရှိလို့ မပြေးနိုင်တဲ့ အိမ်နီးချင်း လင်မယားနှစ်ယောက်နဲ့ လေးလရွယ်သမီးလေးရဲ့ အသက်ကယ်ရန် မီးလွတ်ရာကို လှေနဲ့ပို့ပေးခဲ့ပါတယ်။ သူတို့တစ်တွေ မီးဘေး ကင်းပေမယ့် ဒေါ်မြင့်ရွှေမှာတော့ ကလေးတွေကို ပို့ပေးနေရလို့ သူ့အိမ် မီးထဲပါသွားပြီး အိုးမဲ့၊ အိမ်မဲ့ဖြစ်သွားပါတယ်။ ကိုယ်ကျိုးစွန့်ပြီး လူ ၁၀ ဦးရဲ့ အသက်ကို ကယ်ပေးခဲ့တဲ့ ဆရာမ ပီသတဲ့ ဒေါ်မြင့်ရွှေရဲ့စိတ်ဓာတ်ဟာ စံပြုထိုက်တဲ့ စိတ်ဓာတ်ပါပဲ။

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ သက္ကလ အ·ထ·ကမှ ကလေးနှစ်ဦးဟာ ကျောင်းရှေ့ရှိ ချောင်းမကြီးကို ဖြတ်ဆောက်ထားတဲ့ အမြင့် ၁၈ ပေ၊ အကျယ် ၄ ပေရှိ တံတားပေါ်ကနေ ရေထဲပြုတ် ကျသွားတော့ ရေစီးအားကောင်းလို့ ဘယ်သူမှ ဆင်းမဆယ်ရဲတဲ့အချိန်မှာ ဆရာမ ဒေါ်စိန်ရွှေဟာ ရေထဲကို ဖြန်းကနဲခုန်ချပြီး ကလေးနှစ်ဦးရဲ့အသက်ကို ကယ်ခဲ့ပါတယ်။ "ငါ့တပည့်လေးတွေ အသက်အသေမခံနိုင်ဘူး။ ငါသေချင်သေပါစေ" ဆိုတဲ့စိတ်နဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်း ဒေါ်စိန်ရွှေက စွန့်စွန့်စားစား ကယ်တင်ခဲ့တာလဲ ကဗ္ဗည်းမော်ကွန်း ထိုးသင့်ပါတယ်။

တောင်ငူက ဆရာစောရန်ဟာ ကလေးတွေနဲ့အတူ ကျောင်းက အပြန် ချောင်းရေကျတာနဲ့ကြုံတဲ့အခါ ကလေးတွေကို ပခုံးနဲ့ထမ်းပြီး ရေဘေးကလွတ်အောင် ထမ်းပို့ရင်း ခြေကုန်လက်ပန်းကျကာ ရေထဲ မျောပါသေဆုံးရတဲ့အဖြစ်ကိုလည်း ရင်နင့်စွာ မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

မန္တလေးမှာလည်း ကျောင်းသူနှစ်ဦးကို ထမင်းစားကျောင်းဆင်းချိန်မှာ မသမာသူ နှစ်ဦးက သွေးဆောင်ခေါ်ယူရောင်းစားဖို့ ကြိုးစားနေတုန်း ဆရာမတစ်ဦးနဲ့တွေ့လို့ အချိန်မီကယ်တင်နိုင်ခဲ့တဲ့ သာဓကလည်း အထင်အရှားရှိခဲ့ပါတယ်။ ဒါကြောင့်လဲ မိလိန္ဒပညာကျမ်းမှာ "တပည့်များကို အခါခပ်သိမ်းစောင့်ရှောက်ခြင်း၊ ဘေးရန်ရှိသည့်အခါ တပည့်များကို မစွန့်ခြင်းဆိုတဲ့ ဂုဏ်အင်္ဂါနဲ့ ပြည့်စုံလို့ ဆရာဆိုတာ ကိုးကွယ်ရိုသေထိုက်သူဖြစ်တယ်" လို့ ဖော်ပြထားပါတယ်။

ဆရာဘဝဆိုတာ အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ စိန်ခေါ်မှုတွေ အမျိုးမျိုးကြုံတွေ့နေရတဲ့ ကာလမှ ကျောင်းသားတွေကို ထိန်းကျောင်းပေးရတဲ့ ဆရာတို့ရဲ့ အားစိုက်ထုတ်ရမှုတွေက ပိုပြီး များပြားလာပါတယ်။ ကျောင်းသားတွေရဲ့အနာဂတ်အတွက် စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်အောင် သင်ကြားပေးနေရတဲ့ ဆရာတွေကို ကိုယ်တိုင်တွေ့ကြုံရတဲ့ အခက်အခဲတွေက များပြားလှပါတယ်။ ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့ ဆရာတွေဟာ သင်ကြားသင်ယူမှုကို အစဉ်မပြတ် လုပ်နေကြရပါတယ်။ ကျောင်းသားတွေကို ပညာပေးနိုင်ဖို့ ကိုယ်တိုင်ရေပြည့် အိုးပမာ ဘဝဝမ်းစာကို အမြဲဖြည့်နေကြရပါတယ်။ အချို့က ဆရာအဖြစ် အသက်မွေးကျောင်းပြုတာ လွယ်တယ်လို့ ထင်တတ်ကြပါတယ်။ မူလတန်းကလေးကို စာစသင်ရတဲ့ မူလတန်းပြဆရာ၊ ဆရာမတွေဟာ အများထင်သလို မလွယ်ကူပါ။ သူများနိုင်ငံတွေမှာ မူလတန်းပြဆရာ၊ ဆရာမတွေဟာ အရည်အချင်း ပိုမိုပြည့်ဝရပြီး အခြားအဆင့်ရှိ ဆရာ၊ ဆရာမများထက် လစာပိုရတယ်လို့ မှတ်သားရဖူးပါတယ်။ တကယ် တမ်းကြတော့ မိဘရင်ခွင်က ခွာလာကာစ သူငယ်တန်းကလေးကို သင်ရတာဟာ လက်တွေ့မှာ တော်တော်ခက်ပါတယ်။ မူလတန်းကလေးတွေဟာ အသက်အရွယ် ငယ်ရွယ်နုနယ်လို့ ကိုယ်ပုံသွင်းသလိုရနိုင်တဲ့ အရွယ်ဖြစ်ပါတယ်။ မူလတန်းကျောင်းသားဘဝမှာ စာစသင်ပေးတဲ့ ဆရာ၊ ဆရာမရဲ့ ပြောဟန်၊ ဆိုဟန်၊ ပြုမူဟန်တွေ တစ်သက်တာ ခွဲခွာသွားစေပါတယ်။ လက်ရေးကအစ ပထမဆုံး ဝလုံးအရေးသင်ပေးတဲ့ ဆရာ၊ ဆရာမများရဲ့ မူလတန်းဆင့် သင်ဆရာ၊ ဆရာမများဟာ အလွန်အရေးပါပါတယ်။

ကျွန်မ နမ္မတူမှာ အထက်တန်းပြလုပ်စဉ်က အလယ်တန်းကျောင်းက ဆရာမကြီး ဒေါ်မေဖြိုးဟာ မူလတန်းကလေးတွေကို စာသင်ရာမှာ အလွန်တော်လို့ နာမည်ကျော်ကြား လူသိများပါတယ်။ မူလတန်း ကလေးတွေ အရေးစသင်ချိန်မှာ လက်ထပ်သင်ပေးတဲ့အပြင် မူလတန်း အဆင့်တစ်လျှောက်လုံး လက်ရေးလက်သားကို ဂရုတစိုက်သင်ပေးလို့ သူ့ကျောင်းထွက်ကလေးတွဟာ အဆွဲအငင်အရေးအသားမှာ တစ်ဦးတည်းက ရေးထားသလားထင်ရအောင် တညီတညာတည်း ရေးနိုင်တာကို အထက်တန်းကျောင်းသူ၊ ကျောင်းသားတွေအဖြစ် ကျွန်မတို့ အ·ထ·က နမ္မတူရောက်လာတဲ့အခါ ကိုယ်တွေ့ကြုံခဲ့ရပါတယ်။ တကယ်တော့ မူလတန်းဆရာ၊ ဆရာမတွေဟာ ပညာရေးအုတ်မြစ်ကို ခိုင်မာတောင့်တင်းအောင် ဆောက်ပေးနေကြတဲ့ အခြေခံအကျဆုံး ဆရာ၊ ဆရာမများဖြစ်လို့ အထူးပူဇော်ထိုက်သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ယနေ့ကာလ ဆရာကန်တော့ပွဲတွေမှာ မူလတန်းကျောင်းထွက်များက မူလတန်းသင် ဆရာ၊ ဆရာမများ ကန်တော့တာ အားနည်းတယ်လို့ ထင်ပါတယ်။

ယခုခေတ်ဟာ ပညာခေတ်ဖြစ်လို့ ပညာခေတ်ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ အရည်အချင်းပြည့်ဝတဲ့ လူသားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုးမှ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့ အစဉ်လေ့လာသင်ယူနေတဲ့ လူ့ဘောင်အဖွဲ့အစည်း ( Life Long Learner) ဖြစ်ရန် လိုပါတယ်။ ဒီလိုလူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာဖို့ ဆရာ၊ ဆရာမများ ကြိုးစားစွမ်းဆောင်တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတိုင်း သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံဖို့ လိုအပ်သလို နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် ၆ ချက်၊ ဆရာများရဲ့ သစ္စာအဓိဋ္ဌာန် ၆ ချက်၊ ခံယူချက် ၅ ချက်၊ ကျင့်ဝတ် ၅ ချက်ကို လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ တပည့်များကို နိုင်ငံသားကောင်းပီသအောင် လေ့ကျင့်ပျိုးထောင်ပေမယ့် ဆရာ၊ ဆရာမများကိုယ်တိုင် စံနမူနာပြအဖြစ် စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိမှသာ ရှေ့ဆောင်ကောင်း ပီသမှာ ဖြစ်ပါတယ်။ ဇီဇအမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ ပတ်ဝန်းကျင်အမျိုးမျိုးက ရောက်လာတဲ့ တပည့်တွေကို သူတို့ရဲ့ ဝါသနာဇီဇ၊ စရိုက်အလိုက် သင်ကြားပေးနိုင်မှ တပည့်ကောင်းတွေ ဖြစ်လာမှာပါ။ ပညာရေးစနစ် ဘယ်လောက်ကောင်းကောင်း အဓိက ပုံဖော်ပေးမဲ့ ဆရာ၊ ဆရာမ မကောင်းရင် မအောင်မြင်နိုင်ပါ။

နာမည်ကျော် ပညာရှင်ကြီး "ဆိုကရေးတီး" က "မိဘများက သင့်အား အသက်ကို ပေးသည်၊ ဆရာများက သင့်အနာဂတ်ကို ပေးသည်" ဟု မိန့်ဆိုထားပါသည်။ Willam James ကမူ "တိုင်းပြည် တစ်ပြည်ရဲ့ အနာဂတ်ဟာ ဆရာတွေရဲ့ လက်ထဲမှာရှိတယ်" လို့ ဆိုသလို ပညာရှင် ရစ်ချတ်ရယ်ဂျီနယ်(လ်)ဂရင်းက "တိုင်းပြည်ရဲ့ အနာဂတ်ဟာ ဆရာတွေရဲ့ပခုံးပေါ်မှာ ကျရောက်နေတယ်" လို့ ဆိုပါတယ်။ ၁၉၆၆ ခု စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၅ ရက်ထိ ဂျီနီဗာမြို့မှာ ကျင်းပတဲ့ "(၄၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပညာရေးညီလာခံ" က ၁၉၆၆ ခုနှစ်မှ အောက်တိုဘာ ၅ ရက်ကို "ကမ္ဘာ့ဆရာများနေ့" အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၂ အောက်တိုဘာ ၅ ရက်မှာ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ နိုင်ငံတော်အဆင့် သတ်မှတ်ပြီး ပထမဆုံးအကြိမ် ကျင်းပခဲ့ပါတယ်။

**ကမ္ဘာ့ဆရာများနေ့ကို**

(က) မြန်မာယဉ်ကျေးမှုအစဉ်အလာအရ အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင် မြတ်ဆရာများအပေါ် အစဉ်လေးစားတန်ဖိုးထားလာစေရန်။

(ခ) အာစရိယဆရာများနှင့် ဥပဇ္ဈယ်ဆရာအရည်အသွေးများ ပြည့်ဝသည့် မြတ်ဆရာများ ပိုမိုပေါ်ထွန်းလာစေရန်။

(ဂ) "ဆရာများနေ့" အခမ်းအနားများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်စွာ ကျင်းပ၍ ဆရာများ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်ကျေးဇူးကို ဖော်ထုတ်ဂုဏ်ပြုရန် ရည်ရွယ်ချက်နဲ့ အောက်တိုဘာ ၅ ရက်မှာ ကျင်းပမဲ့ ကမ္ဘာ့ဆရာများနေ့တွင် ကမ္ဘာ့ဆရာသန်း ၆၀ ကျော်ကို လေးစားစွာ ဦးညွတ်ဂုဏ်ပြုအပ်ပါတယ်။

**အေးအေးခိုင်(ပညာရေး)**




## ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**မင်းဘူး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသတွင်းအသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခွဲက မင်းဘူးမြို့၊ မင်းပူးဦးသြဘာသ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကား ပြောပြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီးနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း၌ စီမံကိန်းလုပ်ငန်း(၁၆)ခုကို နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေမှ ခွင့်ပြုဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မင်းဘူးခရိုင်အတွင်း၌ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မင်းဘူး(စကု)မြို့နယ်နှင့်ပွင့်ဖြူမြို့နယ်တို့၌ ဒေသတွင်းအသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းဖြင့် အခြေခံနှင့် မွမ်းမံသင်တန်းများအဖြစ် တန်ဖိုးမြင့်စားသောက်ကုန်နည်းပညာသင်တန်းများနှင့် စက်ချုပ်နည်းပညာသင်တန်းများကို (၄)ကြိမ်ဖွင့်လှစ်ပြီး သင်တန်းတစ်ကြိမ်လျှင် ၁၅ ဦးနှုန်းဖြင့် စုစုပေါင်းသင်တန်းသူ ၆၀ ဦးထဲမှ လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသူ ၂၀ဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ကြောင်း၊ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့်သူ ၂၀ ဦးက ကုန်ကြမ်းပစ္စည်းအတွက် မ,တည်ရင်းနှီးငွေကျပ်နှစ်သိန်းကို ထည့်ဝင်စေပြီး အဆိုပါဦးစီးဌာနမှ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၄ သိန်းနှင့် ညီမျှသော စက်ပစ္စည်းများကို ဝယ်ယူ၍ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးထံက သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၀)

၀-၀-၀-၀-၀-၀-၀

## သံဃပဝါရဏာပွဲသဘင်ဆင်ယင်ပွဲ ကျင်းပရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာမှ ကြီးမှူး၍ သံဃပဝါရဏာပွဲသဘင်ဆင်ယင်ပွဲကျင်းပရန် ညှိနှိုင်းအစည်းအဝေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါရိပ်သာရှိ ဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ပြီး ညောင်ပင်ကြီးဆရာတော်နှင့် ရိပ်သာနာယကဆရာတော် ဘဒ္ဒမာနိတတို့ထံမှ သြဝါဒစကားနာယူကြည်ညိုကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဇွန်ဝမ်းစတားတာယာရောင်းဝယ်ရေး)က သံဃပဝါရဏာပွဲသဘင်ကို ယခင်နှစ်က ကျင်းပသည့်အတိုင်း ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ပင့်သံဃာတော်များ တိုးမြှင့်ဖိတ်ကြားနိုင်ရေး၊ ဘဏ္ဍာရေးမှူးက သိမ်ဆင်းလောင်းလှူပွဲတွင် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်နိုင်ရေး၊ အတွင်းရေးမှူးက အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အခမ်းအနားသို့ ကြွရောက်လာကြမည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရေး၊ ဧည့်ပရိသတ်တို့အား ထမင်းနှင့် ဟင်းကျွေးမွေးနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်နိုင်ရေးအတွက် ဖိတ်ကြားလွှာပြုစုရေး၊ အနီးအနားရှိ ကျေးရွာများမှ အလှူရှင်အသီးသီးတို့အား ဖိတ်ကြားနိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၀၅၃)



## ရေဝင်နစ်မြုပ်သော မြို့နယ်များသို့ ပျက်စီးဆုံးရှုံးမှုများနှင့် လိုအပ်ချက်များ ကွင်းဆင်းကောက်ယူရေး ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှမန္တလေးတိုင်းဒေသကြီးအတွင်း ရေဝင်နစ်မြုပ်သော မြို့နယ်များသို့ ပျက်စီးဆုံးရှုံးမှုနှင့်လိုအပ်ချက်များ ကွင်းဆင်းကောက်ယူရေးအဖွဲ့ ခေါင်းဆောင် ဦးသိန်းစိုးနိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း၇၀၊ ၂၇လမ်းနှင့် ၂၈ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် လာရောက်တွေ့ဆုံပြီး ဆောင်ရွက်မည့်လုပ်ငန်းများကိုတင်ပြရာ မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးဦးကျော်ကျော်နှင့် ကော်မတီဝင်ဦးယုတင်တို့က လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

(အပေါ်ပုံ)

(၀၄၅)

## သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အရိပ်ရသစ်ပင်များစုပေါင်းစိုက်ပျိုး

**ပွင့်ဖြူ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက လက်ပံချည်ပေါ်ကျေးရွာကုန်ထုတ်လမ်းတစ်လျှောက် လမ်းဘေး(ဝဲ ၊ ယာ)တွင် မိုးရာသီ အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့သည်။



အဆိုပါ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် ဝန်ထမ်းများက မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး လက်ပံချည်ပေါ်ကျေးရွာကုန်ထုတ်လမ်းဘေး(ဝဲ ၊ ယာ)တစ်လျှောက်တွင် တမာ ၇၅ ပင်၊ ကျွန်း ၂၀ပင်၊ စုစုပေါင်းအရိပ်ရပင် ၉၅ပင်အား စနစ်တကျစုပေါင်းစိုက်ပျိုးခဲ့သည်။

ပွင့်ဖြူမြို့နယ် လက်ပံချည်ပေါ်ကျေးရွာ ကုန်ထုတ်လမ်းဘေးတစ်လျှောက်သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအရိပ်ရသစ်ပင်များ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနက အရိပ်ရပျိုးပင်များကို ကူညီထောက်ပံ့ပေးခဲ့ကြောင်းသိရကာ စိုက်ပျိုးထားသော အရိပ်ရသစ်ပင်များ ရေရှည်ရှင်သန်ကြီးထွားစေရန် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(ဝဲပုံ)

(၄၄၅)

၀-၀-၀-၀-၀-၀-၀

## စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**နတ်မောက် အောက်တိုဘာ ၃**

စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်သည့် ချည်မျှင်ရှည်ဝါများကို နတ်မောက်မြို့နယ်တောင်သူများက စိုက်ပျိုးခဲ့ရာ ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်တွင် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။

နတ်မောက်မြို့နယ်တွင် ၂၀၂၄ခုနှစ် မိုးစိုက်သီးနှံများ စိုက်ပျိုးကြရာတွင် မိုးနှမ်းပင်ထောင်မြေပဲနှင့် သီးညှပ် သီးနှံဖြစ်သည့် ပဲစင်းငုံများကိုသာ မေလ တတိယပတ်အတွင်း စိုက်ပျိုးခဲ့ရပြီး ချည်မျှင်ရှည်ဝါစိုက်ပျိုးရန်အတွက် မြေအစိုဓာတ်နည်းပါးသဖြင့် မေလအတွင်းစိုက်ပျိုးခဲ့ခြင်းမရှိကြောင်း၊ ဇူလိုင်လတတိယပတ်အတွင်းမှသာ မိုးရွာ၍ မြေအစိုဓာတ်ရရှိလာသဖြင့် ချည်မျှင်ရှည်ဝါများကို စတင်စိုက်ပျိုးနိုင်ခဲ့ကြောင်း လျှော်တောင်ရွာ တောင်သူကိုဝင်းမောင်က ပြောသည်။ (ယာပုံ)

ဇူလိုင်လ တတိယပတ်တွင် စတင်စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါသီးနှံများသည် စိုက်သည့်သက်တမ်း(၂)လ ကျော်ပြီဖြစ်၍ ဝါသီးနှံပင်များ ကြီးထွားလာကာ ဝါအပွင့်များပွင့်လာပြီး အသီးသီးစပြုနေပြီဖြစ်၍ ဆေးဖျန်းခြင်း၊ ရွက်ဖျန်းမြေဩဇာပက်ဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိကြသည်။ နတ်မောက်မြို့နယ်အတွင်း တောင်သူအများစုသည် စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးသည့် ရွှေတောင်-၈၊ ရွှေတောင်-၁၀ ဝါမျိုးများကိုသာ ရွေးချယ်စိုက်ပျိုးကြကြောင်း ဒေသခံတောင်သူများထံက သိရသည်။

နတ်မောက်မြို့နယ်တွင် ၂၀၂၄ခုနှစ်၊ မိုးရာသီဝါသီးနှံများကို ၂၈၇၉၆ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ၂၁၂၀၈ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုထံက သိရသည်။ **မူမူစန်း**



# အမြို့မြို့အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

**ပုသိမ်ကြီး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာနှင့် နန္ဒာမြောက်ကျေးရွာသို့ အောက်တိုဘာ ၂ရက် နံနက်ပိုင်းက ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များလိုက်ပါလျက် တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ပုသိမ်ကြီးမြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူရန် မြို့ပေါ်ရပ်ကွက်ကြီးတစ်ခု ကျေးရွာအုပ်စု ၅၇စု၊ ကျေးရွာ ၁၃၇ရွာအား စာရင်းကောက်အဖွဲ့ ၄၅ဖွဲ့ဖြင့် စာရင်းကောက်ကွက်ပေါင်း ၅၅၉ ကွက်ကို အောက်တိုဘာ ၁ရက် မှ ၁၅ ရက်ထိ သန်းခေါင်စာရင်းကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်း ကော်မတီထံမှ သိရသည်။



ကျေးရွာများသို့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ အခက်အခဲမရှိ ဆောင်ရွက်နိုင်ရန် ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေဦးဆောင်၍ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကျေးရွာများရှိ ပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းခဲ့ကြောင်းသိရသည်။

(ဝဲပုံ)

(၀၉၅)



**တမူး အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့တွင် ခရိုင်နှင့်မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် အောက်တိုဘာ၂ ရက် နံနက်ပိုင်းမှ စတင်၍ မြို့ပေါ်ရပ်ကွက်များတွင် လှည့်လည်ကောက်ယူလျက်ရှိသည်။

သန်းခေါင်းစာရင်းများ ကောက်ယူရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာများ တိကျမှန်ကန်မှုရှိစေရေးအတွက် စာရင်းစစ်၊ စာရင်းကောက်များက သန်းခေါင်စာရင်းပါ အချက်အလက်များကို ဘာသာရပ်တစ်ခုချင်းစီအလိုက် ဆွေးနွေးမှုများ၊ Tablet အသုံးပြု၍ လက်တွေ့ကောက်ယူမှု၊ CAPI ဖြင့် လက်တွေ့ကွင်းဆင်း ကောက်ယူဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ကလေး)မှ ဒုတိယဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ညီညီတင်၊ တမူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ခိုင်မိုး၊ ခရိုင်နှင့်မြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ရက် နံနက် ၈ နာရီက ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း ကွင်းဆင်း၍ လိုက်လံကောက်ယူခဲ့ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူနေမှုများကို သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးအရာရှိများ၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများက လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ အချက်အလက်များကို Mobile Tablet များဖြင့် တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် လိုက်လံကောက်ခံလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၇)



**စဥ့်ကိုင် အောက်တိုဘာ ၃**

၂၀၂၄ခုနှစ်၊ အောက်တိုဘာ တစ်ရက်မှ စတင်၍ တစ်နိုင်ငံလုံး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်တွင် သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များသည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဆက်လက်ကောက်ယူလျက်ရှိသည်။

ထိုသို့ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့မှ ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်ကွက်များမှ လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများ အချက်အလက် ၆၈ ချက်အား မေးမြန်းကောက်ယူနေလျက်ရှိရာ CAPI နည်းပညာဖြင့် Tablet အသုံးပြုပြီး ကောက်ယူခြင်းဖြစ်ပြီး ကျောက်ဆည်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်း၊ စဥ့်ကိုင်မြို့နယ် သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဉာဏ်စိုးနှင့်ဝန်ထမ်းများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို စဥ့်ကိုင်မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈အုပ်စု၊ ကျေးရွာပေါင်း ၁၆၃ ရွာရှိပြီး စာရင်းကောက်ကွက်ပေါင်း ၄၁၆ကွက် စာရင်းကောက်အဖွဲ့ပေါင်း ၃၁ဖွဲ့ဖြင့် အောက်တိုဘာ တစ်ရက်နေ့မှ အောက်တိုဘာ ၁၅ရက်အထိ နေ့စဉ်နံနက် ၇နာရီမှ ညနေ ၆နာရီထိ စာရင်းကောက်သွားမည်ဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

ဝင်းဝင်းသန်း(စဥ့်ကိုင်)

**တန့်ယန်း အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား အောက်တိုဘာ ၂ရက် နံနက်ပိုင်းမှ စတင်၍ ကောက်ယူစာရင်းသွင်းလျက်ရှိသည်။

အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအမ်ဇော်နော်နှင့် တာဝန်ရှိသူများ၊ ကောက်ကွက်တာဝန်ခံများက ကောက်ယူစာရင်းသွင်းလျက်ရှိရာ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် လူမှုကူညီရေးလုပ်အားရှင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

တန့်ယန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကောက်ကွက်ပေါင်း ၈၇ကွက်တွင် အောက်တိုဘာလ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

**ချမ်းမြသာစည် အောက်တိုဘာ ၃**

ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှ စတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ကွင်းဆင်းကောက်ယူ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ရက်တွင်လည်း သက်ဆိုင်ရာ ရပ်ကွက်များအလိုက် ဆက်လက်ကွင်းဆင်း ကောက်ယူလျက်ရှိသည်။



မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရေး ဆောင်ရွက်နေမှုများအား မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ အဖွဲ့ဝင်(၂) ဦးတင်ထွန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် တာဝန်ရှိသူများက အဖွဲ့များခွဲ၍ လိုက်လံကြည့်ရှုပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ကွင်းဆင်းကောက်ယူရာတွင် စာရင်းကောက်များက လူဦးရေနှင့် အိမ်အကြောင်းအရာများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများကို မေးမြန်းကောက်ယူလျက်ရှိရာ တာဝန်ရှိသူများက လိုအပ်သည်များအား အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဇလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြန်အောင်ခရိုင်အတွင်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ ကြည့်ရှုစစ်ဆေး

ပုသိမ် အောက်တိုဘာ ၃

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များဖြင့် စတင်ကောက်ယူဆောင်ရွက်နေပြီဖြစ်ရာ ထိုသို့ကောက်ယူနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။



### ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နှင့်အဖွဲ့သည် မြန်အောင်ခရိုင် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်နှင့် မြို့မရပ်ကွက်များ၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကြံခင်းမြို့နယ်တလိုင်းကွင်းကျေးရွာရှိ တောင်သူ ဦးနန္ဒာနေမျိုးမောင်၏ ရေကြီးနစ်မြုပ်မှုကြောင့် စပါးပျက်စီး နှစ်ကေတွင် ရက်(၉၀) စပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ပိုက်ဆံလျှော် ငါးကေ မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ရေကြီးနစ်မြုပ်ထိခိုက်လယ်မြေများကို ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မြန်အောင်မြို့နယ် တာမိုင်(၅/၆ မှ ၅/၈)အကြား ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မကျီးစုတာ တာမိုင် ၆ မိုင် ၃ ဖာလုံရှိ ကမ်းပြိုမှုအခြေအနေများနှင့် မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံအနီး ကမ်းပြိုမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့ အမှတ်(၂)ရပ်ကွက်နှင့် ဟသ်ာတမြို့ တာငါးဆယ်တောင်ရပ်ကွက်၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှုများနှင့် စာရင်းကောက်များ ဘာသာစကား အခက်အခဲမရှိစေရေး အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟသ်ာတမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပျက်စီးစိုက်ကေများအား ပြန်လည်ဖြည့်တင်း စိုက်ပျိုးရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တို့မှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ် နိုင်ငံကူးလက်မှတ် (Passport for Visit-PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများ ရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများ အနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန